


ကျေးဇူးတော်ရှင်အဂ္ဂမဟာပဏ္ဍိတ

# မိုးကုတ်ဆရာတော်ဘုရားကြီး

၁၁-၇-၆၂ ရက်နေ့၊ ရန်ကုန်မြို့၌
ဟောကြားဆုံးမတော်မူသော

# ကံအားကိုးရင် ဇာတိဒုက္ခသစ္စာရမယ်

၂၉၇

# ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| အုပ်ရေ | - | ၁၀၀၀ |
| ခုနှစ် | - | ၂၀၁၂ ခုနှစ် |
| တန်ဖိုး | - | ကျပ် |
| အဖုံးပုံနှိပ်ခြင်း | - | သန်းထိုက်ရတနာအော့ဖ်ဆက် |
| ထုတ်ဝေသူ | - | ဦးအောင်နိုင်မြင့် (မြ-၀၄၃၇၅) မိုးကုတ်ဝိပဿနာနှင့် လုပ်ငန်းစဉ်ပြန့်ပွားရေး အဖွဲ့ချုပ်၊ အမှတ်(၈၂)၊ နတ်မောက်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ |
| အတွင်းပုံနှိပ် | - | ဦးဝင်းအောင် (မြ-၀၅၁၃၅) သန်းထိုက်ရတနာပုံနှိပ်တိုက် ၈၄/၈၆၊ လမ်း ၅၀ (အလယ်) ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |


**မိုးကုတ်ဝိပဿနာတရားစဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ်၏ မူပိုင်ဖြစ်သည်မည်သူမျှကူးယူထုတ်ဝေခြင်းမပြုရ။**

CIP 294.3

မိုးကုတ်ဆရာတော်ဘုရားကြီး

ကံအားကိုးရင် ဇာတိဒုက္ခသစ္စာရမယ်၊ ရန်ကုန်။

မိုးကုတ်ဝိပဿနာကျင့်စဉ်နှင့် လုပ်ငန်းစဉ်ပြန့်ပွားရေးအဖွဲ့ချုပ် (၂၀၁၂)

စာ - ၅၈၊ ၈.၆၄ × ၁၃.၇၂ စင်တီ

(၁) ကံအားကိုးရင် ဇာတိဒုက္ခသစ္စာရမယ်



၁၁-၇-၆၂ ရက်နေ့၊ ရန်ကုန်မြို့၌

ကျေးဇူးတော်ရှင်

အဂ္ဂမဟာပဏ္ဍိတ

မိုးကုတ်ဆရာတော်ဘုရားကြီး

ဟောကြားဆုံးမတော်မူသော

# ကံအားကိုးရင် ဇာတိဒုက္ခသစ္စာရမယ်

နမော တဿ ဘဂဝတော အရဟတော

သမ္မာသမ္ဗုဒ္ဓဿ

၁၁-၇-၆၂ ရက်နေ့ (နံနက်)

အမရပူရမြို့ မဂ်လာတိုက်ဟောင်း

ကျေးဇူးရှင် မိုးကုတ်ဆရာတော်ဘုရားကြီး

ရန်ကုန်မြို့၌ ဟောကြားဆုံးမတော်မူသော

# ကံအားကိုးရင် ဇာတိဒုက္ခသစ္စာရမယ်

ဒကာ၊ ဒကာမတွေ ကံကိုပဲ အားကိုးကြတယ်။ အားလုံး ဒီမှာ မြန်မာပြည်တစ်ပြည်လုံးရှိတဲ့ ဒကာ၊ ဒကာမတွေ ကံအမိ၊ ကံအဖကိုသာ အားကိုးပြီးတော့ သေကြတော့တယ်ဆိုတာဖြင့် ငြင်းဖို့ မလိုပါဘူး ... (မှန်ပါ့)၊ ဘာအားကိုးကြသတုန်း ... (ကံအားကိုး ကြပါတယ်)။

# ကံအမိ ကံအဖ၊ ကံအားကိုးရင် ဇာတိရမယ်

တပည့်တော်တို့ဘုရား ကံအမိ၊ ကံအဖပဲ ဘုရား၊ ကံပဲ ကိုးကွယ်ရာရှိတော့တာပဲ အစရှိသည်ဖြင့် ဒကာ၊ ဒကာမတွေ ပြောကြ ဆိုကြပါတယ်ဆိုတာလည်း အားလုံးပဲသိတယ်။ တကယ် လည်း အားကိုးတယ်ဆိုတဲ့ဥစ္စာဖြင့် ငြင်းဖို့မလိုပါဘူး ... (မှန်ပါ့)။ သို့သော် ဘုန်းကြီးက အသိဉာဏ်ကျယ်ကျယ်နဲ့ ဒကာ၊ ဒကာမတွေ ကို သတိပေးချင်တာကတော့ ... ။

ဟော့ ... ဒကာ၊ ဒကာမ ကံအမိ၊ ကံအဖဆိုတော့ ဒကာ၊ ဒကာမတွေသိတဲ့အတိုင်း ကုသိုလ်ကံဖြစ်စေ၊ အကုသိုလ်ကံ ဖြစ်စေ၊ ကမ္မဘဝပစ္စယာ ဇာတိ၊ တွေ့ကြပလား ... (တွေ့ပါပြီ)၊ ကမ္မဘဝ ပစ္စယာ ... (ဇာတိပါဘုရား)။

ဩော် ... ဒါ-ကံအမိ,ကံအဖအားကိုးရင် ဇာတိရ မယ် ... (မှန်ပါ့)၊ ဒါ ကြပ်ကြပ်စဉ်းစားကြပါ၊ ကံအမိ ကံအဖအားကိုး ရင် ... (ဇာတိရပါမယ်)၊ ဇာတိက ဒီကြည့်လိုက် ... ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား)။

ကြည့်လေ၊ သူများ ဒုက္ခရောက်ကြောင်းကိုတော့ သူက ဒုက္ခအကျိုးသစ္စာဆိုတာ သေချာသွားပြီ ... (မှန်ပါ့)၊ ဒါ ဘာအားကိုး လို့ ... (ကံအားကိုးလို့ပါဘုရား)။

## ကံအားကိုးရင်ဒုက္ခသစ္စာရမယ်

ကံအားကိုးတဲ့အတွက် ဘာသစ္စာရသတုန်း ... (ဒုက္ခသစ္စာရပါတယ်ဘုရား)၊ ကံကကြည့်လိုက်၊ ကမ္မဘဝက ဘာသစ္စာတုံး... (သမုဒယသစ္စာပါဘုရား)။

သမုဒယသစ္စာ ကံအမိ၊ ကံအဖ အားကိုးတဲ့အတွက်တဲ့ ဒုက္ခသစ္စာဆိုတဲ့ ဇာတိ ဇရာ မရဏ ရပါတယ် ... (မှန်ပါ့)၊ မရဘူးလား ... (ရပါတယ်)၊ ဩော် ... ဒါဖြင့် ဒကာ၊ ဒကာမတွေ အားကိုးတော့ လွဲနေပြီလို့ ဘုန်းကြီးက စွဲချက်တင်လိုက်ပါတယ်။ သဘောပါကြပလား ... (ပါ,ပါတယ်ဘုရား)၊ အားကိုးကဖြင့် ... (လွဲနေပါတယ်ဘုရား)။

နို့ ... ဘုရား၊ အရှင်ဘုရားက ပြောတော့လည်း ခုတော့လည်း ပဋိစ္စသမုပ္ပာဒ်နဲ့ သေသေချာချာ ပြပြန်တော့လည်း အရှင်းသားပဲ၊ တပည့်တော်တို့ ရိုးရာကလည်း ဒါပဲ အားကိုးနေတယ်ဆိုတော့ ကိုထွန်းအောင်ကြီး အတော်ခက်နေပြီဗျ ... (မှန်ပါ့)။

## ကုသိုလ်ကံ၊ အကုသိုလ်ကံ

နောက်က ဒကာ၊ ဒကာမတွေ နားကြီးကြီးနဲ့ထောင်လို့ ရှိရင် ဒီဟာနောက်တော့ သဘောပေါက်လာပါလိမ့်မယ်နော် ... (မှန်ပါ့ဘုရား)၊ ကမ္မဘဝဆိုတာ ကံပဲ ဒကာ၊ ဒကာမတို့ ... (မှန်ပါ့ဘုရား)၊ ဒီကံကို အားမကိုးကြဘူးလားလို့မေးတော့ ကုသိုလ်

ကံဆိုရင် အားကိုးကြတယ်၊ မကိုးကြပေဘူးလား ... (အားကိုးကြပါတယ်ဘုရား)။

အကုသိုလ်ကံဆိုတော့ မကိုးဘူးထားပါတော့၊ ကုသိုလ်ကံဆိုလို့ရှိရင် အားကိုးကြပါလိမ့်မယ် ... (မှန်ပါ)၊ မကိုးကြပေဘူးလား ... (အားကိုးကြပါတယ်ဘုရား)။

အဲဒီတော့ သူ့ပဋိစ္စသမုပ္ပါဒ်ကြည့်တာပေါ့တဲ့၊ ကမ္မဘဝကကံက ဘာသစ္စာတုံး ... (သမုဒယသစ္စာပါဘုရား)၊ ဒါဖြင့် သူ့အားကိုးကြတာက ဘာကြောင့် အားကိုးကြသလဲလို့ ဒကာ၊ ဒကာမတွေမေးလို့ရှိရင် ...

## ကံသမုဒယ အကျိုးပေးတော့ဒုက္ခ

ဘုရား ... ကောင်းသောအကျိုးပေးအောင်လို့ အားကိုးရတယ် မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်ဘုရား)၊ ဘာကြောင့်ပါလိမ့်၊ ကောင်းသောအကျိုးပေးအောင်လို့၊ ပေးပါတယ်တဲ့ လူဇာတိ၊ နတ်ဇာတိ၊ ဗြဟ္မာဇာတိပေးပါတယ် ... (မှန်ပါ)၊ လူဇာတိ၊ နတ်ဇာတိတွေ သေသေချာချာပေးပါတယ်။

## သစ္စာဉာဏ်နဲ့ကြည့်တတ်ပါစေ

ပေးပင် ပေးငြားသော်လည်း သစ္စာဉာဏ်နဲ့ ကြည့်လိုက်တော့ ဘာသစ္စာလဲ ... (ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့

ကံအမိ၊ ကံအဖ အားကိုးရင် ဒုက္ခသစ္စာရမယ်၊ လူဇာတိ၊ နတ်ဇာတိ၊ ပေါ်ကြပလား ... (ပေါ်ပါပြီ)၊ ကံအမိ၊ ကံအဖ အားကိုးရင် ... (ဒုက္ခသစ္စာပါရမယ်)၊ ဒါဖြင့် ခင်ဗျားတို့သည် ကိုယ်အားကိုးတဲ့ကံသည် ကိုယ့်ချောက်တွန်းတယ် ... (မှန်ပါ့)။

ကိုယ်အားကိုးတဲ့ကံက ... (ကိုယ်ချောက်တွန်းပါတယ်ဘုရား)၊ သို့သော် တွန်းမှန်းမသိပါဘူး၊ ပဋိစ္စသမုပ္ပာဒ် နားမလည်တဲ့ ပုဂ္ဂိုလ်ဟာ တွန်းမှန်းကို မသိဘူး ... (မှန်ပါ့)၊ ဒါပဲ အားကိုးနေတာပဲ၊ သခင်ဝတင် သဘောပါရဲ့လား ... (မှန်ပါ့)၊ နောက်က ဒကာ၊ ဒကာမတွေ အမြင်နဲ့ကော သဘောကျရဲ့လား ... (ကျပါတယ်)၊ ကမ္မဘဝပစ္စယာ ... (ဇာတိပါဘုရား)။

ဟော ကံအားကိုးလို့ ဇာတိရတယ် ... (မှန်ပါ့)၊ ကံက ဘာသစ္စာ ... (ဒုက္ခနဲ့ သမုဒယသစ္စာပါဘုရား)၊ အကျိုးပေးဒုက္ခ အကျိုးပေးက ဘာသစ္စာ ... (ဒုက္ခသစ္စာပါဘုရား)။

ကိုင်း ... ဒကာ၊ ဒကာမတို့ ကံအားကိုးနေတဲ့ ဒကာ၊ ဒကာမတွေတော့ ဒုက္ခရောက်ပါပြီ၊ ရှင်းကြပလား ... (ရှင်းပါပြီ)၊ ကံအားကိုးတဲ့ ဒကာ၊ ဒကာမတွေ ဘာဖြစ်နေတယ် ... (ဒုက္ခရောက်နေပါတယ်)၊ ဦးမာဒင်ခက်ပြီ ... (ခက်ပါပြီ)၊ ခက်ပြီ၊ ခက်ပြီ ...(မှန်ပါ့)၊ သေသေချာချာခက်ပဟေ့၊ ဆရာထွန်းကြီး ... (ဘုရား)၊ ခက်ပလား၊ မခက်သေးဘူးလား ... (ခက်ပါတယ်ဘုရား)။

## ကံခေါင်းဆောင်းမွေးလာတာ

သို့သော်လည်းတဲ့၊ အားလုံး ဒကာ၊ ဒကာမတွေဟာ ခင်ဗျားတို့ကလည်း သူများပါးစပ်လမ်းဆုံးနေတော့ ကံအမိ၊ ကံအဖပဲ ဘုရား၊ မွေးလာကတည်းက ကံခေါင်းဆောင်းမွေးလာတာ ဘုရာ့၊ သူ့ကိုပဲ ကိုးစားစရာ၊ အားထားရာရှိတော့တယ် ဘုရားလို့ဆိုပြီး တစ်ထစ်ချ မှတ်ထားတာကိုးဗျ ... (မှန်ပါ့ဘုရား)၊ မမှတ်ကြဘူးလား ... (မှတ်ကြပါတယ်ဘုရား)၊ ဘာအားကိုးကြတယ် ... (ကံအားကိုးကြပါတယ်)။

ကုသိုလ်ကံ အားကိုးကြပါတယ်ဆိုပါတော့ဗျာ၊ ကုသိုလ်ကံ အားကိုးကြတော့ကို ကုသိုလ်ကံမယ့် အမိပဲဘုရာ့၊ ကုသိုလ်ကံမယ့် အဖပဲ ဘုရာ့၊ အဲဒါကြောင့် တပည့်တော်များတော့ ဒါနဲ့ပင် နေရမှာပဲဆိုတဲ့ ဥစ္စာ လူတိုင်းက ဒုန်းဒုန်းချနေတဲ့စိတ်ပါပဲ၊ မနေကြဘူးလား ... (နေကြပါတယ်ဘုရား)၊

## သမုဒယအားကိုးရင် ဒုက္ခသစ္စာရမယ်

ဒကာ၊ ဒကာမတွေ ... (နေပါတယ်ဘုရား)၊ ခင်ဗျားတို့ ဒုန်းဒုန်းချတဲ့စိတ်ဟာ ဘာသစ္စာတုန်းကြည့်ပါ ... (သမုဒယသစ္စာ ဘုရား)၊ ဩော် ... ဒါဖြင့် ခင်ဗျားတို့ သမုဒယသစ္စာအားကိုးနေတယ် ... (မှန်ပါ့)၊ ဘာအားကိုးနေသလဲ ... (သမုဒယသစ္စာ အားကိုးပါတယ်ဘုရား)။

ဒါ သာမညဆရာသမားဆိုလို့ရှိရင်ဖြင့်တဲ့၊ မင်းတို့ကွာ ကံတော့ယုံကြည်ကြကွ၊ ကံ ကံ၏အကျိုးဆိုတာ ဘုရားဟောခဲ့တယ်ကွ၊ ပြောနေတာပဲ ... (မှန်ပါ့)။ သေသေချာချာ ပြောနေကြတာပဲ၊ မပြောကြဘူးလား ... (ပြောပါတယ်ဘုရား)။

မဟောဘူးလားဆိုတော့ အို ... သေသေချာချာဟောတာပေါ့ ဒကာ၊ ဒကာမတို့၊ အဘိဓာသုတ်များမှာ "ကမ္မပစ္စုကမ္မပဋိသရဏာ"နဲ့ သေသေချာချာ ဆရာထွန်းကြီး ဟောထားတာ မရှိဘူးလား ... (ရှိပါတယ်ဘုရား)။

ဒါ ထွက်ရပ်လမ်းဟောတာလား၊ ပစ္စုပ္ပန်နေမှု၊ ထိုင်မှု ဟောတာလားဆိုတာလည်း ဝေဖန်ရမယ်။ ဒကာ၊ ဒကာမတို့ ထွက်ရပ်လမ်းဟောတာလား၊ ပစ္စုပ္ပန်နေမှု၊ ထိုင်မှု၊ သက်သာမှု ဟောတာလား ... (ပစ္စုပ္ပန် နေမှု၊ ထိုင်မှု၊ သက်သာမှု ဟောတာပါဘုရား)။

## ကမ္မဘာဝပစ္စယာဇာတိ

ဒါ သေသေချာချာစဉ်းစားမှ ပြော် ... ဒါက ပစ္စုပ္ပန်မှာ သူမပါလို့ရှိရင်လည်း အနေအထိုင်ချို့တဲ့တတ်တယ်ဆိုပြီး ဟောတဲ့ တရားပါလား ... (မှန်ပါ့)၊ သေသေချာချာ ကျတော့ကိုတဲ့ ကမ္မဘာဝ ပစ္စယာဇာတိပါ၊ ပေါ်ကြပလား ... (ပေါ်ပါပြီ)။

ဒါ ဘုန်းကြီးက လိမ်ဟောနေတာလား ခင်ဗျားတို့ ရထား

တာကို သိအောင်ပြေတာလား ... (ရ,ထားတာကို သိအောင် ပြေတာပါ)၊ သို့သော် ရ,ထားတာက အားကိုးလွဲနေလို့ ဒကာ၊ ဒကာမတွေရဲ့ ကမ္ဘာဝဆိုတာ ကံကိုဆိုတာ ... (မှန်ပါ့)၊ သဘောပါ ပလား ... (ပါ,ပါပြီ)။

ကမ္ဘာဝဆိုတာ ... (ကံကိုဆိုတာပါဘုရား)၊ ကဲ ... ခင်ဗျားတို့ပဲ ရွတ်ကြည့်ပါ။ နေ့တိုင်း ဘုရားရှိခိုးတော့ ထည့်နေကြ တာ ကမ္ဘာဝပစ္စယာ ... (ဇာတိပါဘုရား)၊ ဇာတိဘာသစ္စာတုန်း... (ဒုက္ခသစ္စာပါဘုရား)၊ ကမ္ဘာဝက ဘာသစ္စာတုန်း ... (သမုဒယ သစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ ကျားကိုအားကိုးလို့ အကိုက်ခံရတာပဲ ... (မှန်လှပါ)၊ ပေါ်ပလား ... (ပေါ်ပါပြီဘုရား)၊ ကျားအားကိုးတာ နဲ့ ... (အကိုက်ခံရတာပါ)၊ ကျေနပ်ပလား ... (ကျေနပ်ပါပြီ ဘုရား)၊

## ကံမှာလမ်းဆုံးရင် ဒုက္ခကိုစောင့်ကြိုနေတာ

ဒီလိုပဲ အကိုက်ခံသွားကြတော့မလားလို့ မေးဖို့ရာ မလို ဘူးလား ... (လိုပါတယ်)၊ ဆရာထွန်းကြီး ခက်ပြီဗျနော် ... (မှန်ပါ့)၊ အင်မတန်ခက်နေပြီတဲ့၊ ဗုဒ္ဓဘာသာဝင်တွေမှာလည်း ဒီမှာ လမ်းဆုံးတာက သိပ်များတယ်၊ ဒကာ၊ ဒကာမတို့ ဗုဒ္ဓဘာသာဝင် တွေမှာ ကံမှာ လမ်းမဆုံးဘူးလား ... (ဆုံးပါတယ်ဘုရား)၊ ဒီတွင်

ဆုံးလို့ရှိရင် သမုဒယသစ္စာ လမ်းဆုံးပြီးသကာလ ဒုက္ခရောက်ဖို့မှ တစ်ပါး ဘာမှ လမ်းမမြင်ဘူးဆိုတာ သေသေချာချာမှတ်ပါ ... (မှန်ပါ့)။

အတော်နားကြီးမှရတယ်နော်၊ နောက်လည်လာလိမ့်မယ်၊ ဒီတရားကို ဒကာ၊ ဒကာမတွေ နားထဲမှာ ရှင်းပြီးလာလိမ့်မယ်၊ ဪ ... တို့ အားကိုးနေတာ တို့ဘယ်အကျိုး၊ ဘယ်အပြစ်သင့်တယ်ဆိုတဲ့ဥစ္စာပေါ်လာပါလိမ့်မယ်။ အခု ရှင်းကြပလား ... (ရှင်းပါပြီ)၊ ကမ္ဘာဝပစ္စယာ ... (ဇာတိပါ)၊ ကြည့်ပါ၊ ကြည့်ပါ ဒကာ၊ ဒကာမတို့။

ဒါ ခင်ဗျားတို့ တဏှာအုပ်ချုပ်တဲ့ကံ၊ သဘောကျပလား ... (ကျပါပြီ)၊ ကမ္ဘာဝပစ္စယာ ... (ဇာတိ)၊ သူက ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါ)၊ ဒါဖြင့် ခင်ဗျားတို့က ဒီအမိ ဒီအဖကို အားကိုးနေကြတယ် ... (မှန်ပါ့)၊ ဒီအမိ၊ ဒီအဖ ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါဘုရား)။

## သမုဒယသစ္စာအားကိုးရင် ဒုက္ခရောက်မှာ သေချာတယ်

သမုဒယသစ္စာ အားကိုးတော့ ငါဟာ ဒုက္ခမှ ရောက်ပါ့မလားဆိုတာ မေးဖို့မလိုဘူး ... (မလိုပါဘူးဘုရား)၊ လိုသေးလား ... (မလိုပါဘုရား)၊ ဘာသစ္စာရသလဲ ... (ဒုက္ခသစ္စာရပါတယ်

ဘုရား)၊ ကြည့်လေ ဇာတိပိ ဘာတဲ့တုန်း ... (ဒုက္ခသစ္စာ ဖြစ်ပါတယ် ဘုရား)။

ဇရာပိ ... (ဒုက္ခသစ္စာပါ)၊ မရဏမ္ပိ ... (ဒုက္ခသစ္စာပါ)၊

ကဲ ... ခက်ကုန်ပြီ ဒကာ၊ ဒကာမတို့ ခက်ကုန်ပြီ၊ မခက်သေးဘူးလား ... (ခက်ပါတယ်ဘုရား)။

ခင်ဗျားတို့ အားကိုးထားတာက မှန်ပလား၊ တည့် သွားပြီလား ... မတည့်ဘူး ... မတည့်ဘူး၊ ဒုက္ခရောက်တာ ... (မှန်ပါ့)၊ ဒုက္ခပဲပြန်ရတယ် ... (မှန်ပါ့)၊ ဒုက္ခလွတ်ချင်လို့ အားကိုးလိုက်တာ ဘာရသလဲ ... (ဒုက္ခပဲ ပြန်ရပါတယ် ဘုရား)၊ အဲဒီတော့ အားကိုးတည့်တယ်ဆိုလို့ တော်ပါ့မလား ... (မတော်ပါဘုရား)၊ နို့မို့ရင် ခင်ဗျားတို့ ဒါနဲ့သေမှာပဲ ... (မှန်ပါ့)၊ မသေဘူးလား ... (သေပါတယ်ဘုရား)။

ကံအမိ ကံအဖအားကိုးပြီး သေလိုက်ကရော၊ သေတော့ ဒီမှာ မဆက်ဘူးလား ဆက်သလား ... (ဆက်ပါတယ်ဘုရား)၊ ဆက်တော့ ဘာနဲ့သွားဆက်သလဲ ... (ကံနဲ့သွားဆက်ပါတယ်)။

ကဲ ... သူ့အားကိုးတာ ကုသိုလ်ကံပါပဲ၊ သူ့အားကိုးလိုက်တာ အခု ဘာရသလဲ ... (ဇာတိရပါတယ်ဘုရား)၊ ကဲ ... မြန်အောင်ဦးတင် ကျေနပ်ပလား ... (မှန်ပါ့)။

ဒီဘက်က ဒကာ၊ ဒကာမတွေ အားလုံးကျေနပ်ပလား ... (ကျေနပ်ပါတယ်ဘုရား)၊ ကံကောင်းအောင်တော့ လုပ်ဦးမှပဲ ဘုရား၊ ကံများက ဘာဖြစ်နေတယ် မသိဘူး၊ မလာဘူးလား၊ လာသလား ... (လာပါတယ်)၊ ကံကောင်းရင် ဇာတိရမယ် ... (မှန်ပါ့)။ ကံကောင်းရင်ဘာရမလဲ ... (ဇာတိရပါမယ်)။

သို့သော် ခင်ဗျားတို့ သာမညနဲ့ဆိုရင်တော့ ဒီဇာတိကို ကြိုက်ချင်လည်း ကြိုက်မှာပဲ၊ လူဇာတိဟော့ဆိုရင်ဖြင့် ကြိုက်ပြီ ... (မှန်ပါ့ဘုရား)၊ နတ်ဇာတိ နတ်ပဋိသန္ဓေဆိုရင်ကော ... (ကြိုက်ပါတယ်)၊ ဗြဟ္မာ ပဋိသန္ဓေဆိုရင်ကော ... (ကြိုက်ပါတယ်ဘုရား)။

# မကြိုက်သင့်တာ ကြိုက်နေကြတယ်

ကြိုက်တာက ဘာသစ္စာကြိုက်သတုန်း ... (ဒုက္ခသစ္စာ ကြိုက်တယ်ဘုရား)၊ သွားပြီပေါ့ဗျ၊ မသွားဘူးလား ... (သွားပါတယ် ဘုရား)၊ သွားပြီ ဒကာ၊ ဒကာမတို့။

အဲဒါ သခင်ဝတင်တို့၊ ဆရာကောင်း သမားကောင်းသိပ်လို တယ်ဆိုတာ အောက်တန်းတရားနဲ့ အထက်တန်းတရားမခွဲလို့ရှိရင် ရကိုမရဘူး။ ရပ့်မလား ... (မရပါဘုရား)၊ "ကမ္မံသုတ္တေဝိဘဇတိ" ဆိုတာက အောက်တန်းတရားကို ဘုရားက ဟောတာ ... (မှန်ပါ့ ဘုရား)။

## ဖြစ်စဉ်ကိုက်ဟောနေတာ အလိုတော်ကျလို့ မဟုတ်ဘူး

သဏ္ဍာဝါတို့ကို သိနေတဲ့ ကိုယ်တော်ကြီးမို့ မသိမရှိရအောင် လို့ အကုသိုလ်ကံဖြင့် အကုသိုလ်အကျိုးပေးတယ်ကွ၊ ကုသိုလ်ကံ ဖြင့်လည်း လူ၊ နတ်ချမ်းသာ အကျိုးပေးတယ်ကွ၊ မဟောရပေဘူး လား၊ ဟောရမလား ... (ဟောရပါမယ်ဘုရား)၊ ဟောရပေမယ့် ကိုယ်တော်ကြီးအလိုတော်ကျလားဖြစ်စဉ်ကို ပြောတာလားဆိုတာ ဝေဖန်လိုက်ပါ ... (ဖြစ်စဉ်ပါ)၊ ဘာပြောတာပါလိမ့် ... (ဖြစ်စဉ် ပြောတာပါ)၊ ဖြစ်စဉ်ဝေဖန်တာကို ခင်ဗျားတို့က အဲဒါ ဟုတ်ပြီလို့ ဆုံးဖြတ်ချက် ချတယ် ... (မှန်ပါ့)၊ ဖြစ်စဉ်ကိုပြောတာ ဟုတ်ပြီလို့ ဆုံးဖြတ်ချက် ချလိုက်တယ်၊ မလွှဲသေးဘူးလား လွှဲသလား ... (လွှဲပါတယ်ဘုရား)။

ဒါဟာလည်း ဘုရားမဟောခင်ကလည်းရှိတဲ့ ပဋိစ္စသမုပ္ပာဒ် ပါ၊ ဘုရားက နာမည်တပ်ပေးတာပဲရှိပါတယ်၊ သဘောကျပလား ... (ကျပါပြီ)၊ ခင်ဗျားတို့ ခန္ဓာကိုယ်ထဲမှာ ဘုရားမဟောလည်း ဒီကမ္မဘဝပစ္စယာလုပ်ရင် ဇာတိ ရှိ့မရှိ... (ရှိပါတယ်ဘုရား)၊ အေး ... ဖြစ်လိမ့်မယ်လို့ကော မဟောဘူးလား ... (ဟောပါတယ်)။

အဲဒီတော့ကို ခင်ဗျားတို့ အောက်တန်းတရားလောက်နဲ့ ဆိုရင် ကမ္မဘဝပစ္စယာ ဇာတိကိုသဘောကျပါလိမ့်မယ် ... (မှန်ပါ့)၊ သခင်ဝတင် မကျပေဘူးလား ... (ကျပါတယ်ဘုရား)။

နောက်က ဒကာ၊ ဒကာမတွေ ဒါ နွားကြီးကြီးနဲ့ နွားထောင်မှ၊ ကံကို ခင်ဗျားတို့က အမေ၊ အဖေလုပ်ပြီးသကာလ ထားတော့ အမေ၊ အဖေက ကျားဖြစ်နေတယ်၊ ကိုက်မည့်ကျား ဖြစ်နေတယ်၊ သဘောပါရဲ့လား ... (ပါ့,ပါတယ်)၊ သူက ဇာတိဒုက္ခ ပေးမလို့ မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်)၊ သဘောပါကြရဲ့လား ...(ပါ့,ပါတယ်)၊ ဘယ်သူက ပေဟာသတုန်း၊ ဘုန်းကြီးက မန္တလေးက ယူလာတာလားဆိုတော့ ကမ္ဘာဝပစ္စယာ ဇာတိပေါ်ပလား ... (ပေါ်ပါပြီဘုရား)။

ကမ္ဘာဝပစ္စယာ ... (ဇာတိပါဘုရား)၊ သူက ဘာသစ္စာ တုန်းလို့ ဝေဖန်လိုက်တော့မှ ... (သမုဒယသစ္စာပါဘုရား)၊ ဇာတိက ... (ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် တို့သည် သမုဒယဆိုတဲ့ သစ္စာ အားကိုးမိတဲ့အတွက် ဒုက္ခသစ္စာဖြင့် လှလှကြီးရပြီဆိုတော့ အခုတရား နာနေတာ ဇာတိ ဇရာထဲမှာနေကြတယ် ... (မှန်ပါ့)၊ မဆိုနိုင်ဘူး လား ... (ဆိုနိုင်ပါတယ်ဘုရား)၊ ဘာသစ္စာနဲ့ နေကြသလဲ ... (ဒုက္ခသစ္စာနဲ့ နေကြပါတယ်ဘုရား)။

## ကံအားကိုးရင် ကိုယ်ကျိုးနည်းမယ်

ဟာ ... ဘာအားကိုးမိလို့ပါလိမ့် ... (ကံအားကိုးမိလို့ပါ ဘုရား)၊ ဒကာ၊ ဒကာမတွေ မပေါ်သေးဘူးလား ... (ပေါ်ပါပြီ ဘုရား)၊ ကိုင်း ... ကံအားကိုးမိတဲ့အတွက် ကိုယ်ကျိုးကောင်း

သလား၊ ကိုယ်ကျိုးနည်းသလား ... (ကိုယ်ကျိုးနည်းပါတယ် ဘုရား)။

ဒါဖြင့် အရှင်ဘုရားဟောနေတာ တပည့်တော်တို့အကြိုက်နဲ့တော့ တပည့်တော်တို့ သိထားတာနဲ့တော့ တကယ့်ကန့်လန့်ကြီး ဖြစ်နေပြီဘုရား၊ မဆိုနိုင်ဘူးလား ... ဆိုနိုင်သလား ... (ဆိုနိုင်ပါတယ်)၊ တပည့်တော်တို့ကလည်း ကံတောင်ဆက်နေတဲ့ ပုဂ္ဂိုလ်တွေဘုရား၊ သဘောကျပလား ... (မှန်ပါ၊ ကျပါပြီ)။

## ကံဆက်နေကြသူတွေ

ဒကာ၊ ဒကာမတွေ•ဘာလုပ်နေကြတဲ့ ဒကာ၊ ဒကာမတွေလို့ဆိုမတုန်း ... (ကံဆက်နေတဲ့ ဒကာ၊ ဒကာမတွေပါ ဘုရား)။

ဆွမ်းကျွေးတာ ကံဆက်တယ် ... (မှန်ပါ့)။

အသက်ရှည်ခြင်း၊ အဆင်းလှခြင်း ပထမဇောက အကျိုးပေးပါစေတော့ ... (မှန်ပါ့)၊ တပည့်တော်တို့ တစ်အိမ်သားလုံး ပထမဇောဆိုတာ ဒိဋ္ဌမွေကိုးဗျ ... (မှန်ပါ့)၊ အဲဒါနဲ့ပဲ အကျိုးပေးချင်တာ၊ အတိတ်ကံကလေးများ အားနည်းနေလို့ရှိရင် အာဟာရနဲ့ဆက်ပါလားဟ၊ ဘာလုပ်ပြန်သတုန်းမေးတော့ ဘယ့်နှယ်ဖြေကြမလဲ ... (ကံဆက်တာပါဘုရား)၊

ဒါဖြင့် ကမ္မဘဝပဲ ပြန်လုပ်ပြန်တယ် ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီ)၊ ဒါဖြင့် ဇရာ အသက်ရှည်ဖို့ပေါ့ ... (မှန်ပါ့ဘုရား)၊ ဇာတိကတော့ နောက်မှရမှာကိုးဗျ ... (မှန်ပါ့)၊

ဒီ ပထမဓောက အကျိုးပေးတော့ ဇရာရှည်ဖို့ပေါ့ ... (မှန်ပါ့)၊ ဘာဆိုကြမလဲ ... (ဇရာရှည်ဖို့ပါ)၊ ဒါကတော့ ဆောင်းပြီး သိရတဲ့ အဓိပ္ပာယ်၊ ပထမဓောအဓိပ္ပာယ်မို့ ... နော် ... (မှန်ပါ့)။

ကိုင်း ... ဒကာ၊ ဒကာမတို့ နားထဲ ဘယ့်နှယ်နေကြ သတုန်း ပြောပါဦး၊ ကန့်လန့်ကြီးဘုရား ... (မှန်ပါ့)၊ သဘောပါ သလား ... (ပါ,ပါပြီ)၊ နားထဲ ဘယ့်နှယ်နေသတုန်း ... (ကန့်လန့်ကြီးပါ ဘုရား)၊ ဘုန်းကြီးက ကန့်လန့်လား၊ ခင်ဗျားတို့က ကန့်လန့်လုပ်ထားတာလား ... (တပည့်တော်တို့က ကန့်လန့် လုပ်ထားတာပါ ဘုရား)။

# ဖြစ်စဉ်ကိုက်မှ ဘက်မလိုက်ပါ

ဟာ ... လူပုံအလယ်မို့ ဘုန်းကြီးကလည်း ဘုန်းကြီးမို့ တို့က အောက်လျှို့ခံလိုက်ရတယ်လို့ ဒီလိုယူမလား ... (မယူဝံ့ပါ ဘုရား)၊ ဒီလိုလည်း မယူနဲ့တဲ့၊ ဖြစ်စဉ်အတိုင်း ဘုန်းကြီးဘက်လည်း မလိုက်နဲ့ ကိုယ့်ကိုယ်လည်း မငဲ့နဲ့၊ အမှန်ပြောပါ ... (မှန်ပါ့)။

ဘုန်းကြီးဘက်လည်း မလိုက်ပါနဲ့၊ ကိုယ့်ကိုယ်လည်း ကောက်ကျစ်နေလို့ရှိရင် ကောက်ကျစ်တာ သိအောင်လုပ်ပါ။ သို့သော် ခင်ဗျားတို့ ဘာအားကိုးကြသတုံး ... (ကံအားကိုးပါ တယ် ဘုရား)၊ ဘာသစ္စာလဲ ... (သမုဒယသစ္စာပါဘုရား)။

## သမုဒယသစ္စာပယ်ရမယ့်တရား

သမုဒယသစ္စာဆိုတာ ပယ်ရမှာ ... (မှန်လှပါ)၊ ဘုရားက ဘာတဲ့တုံး ... (ပယ်ရမှာပါဘုရား)၊ ခင်ဗျားတို့က ဘာလုပ်ထားတုံး ... (အားကိုးထားပါတယ်ဘုရား)၊ ကျုပ်တော့ မတတ်နိုင်တော့ဘူး၊ ဒီတရားပွဲမှာ သေသေချာချာ ကန့်လန့်ကျပြီ၊ မကျဘူးလား၊ ကျသလား ... (ကျပါတယ်ဘုရား)။

ဒကာ၊ ဒကာမတွေ သေသေချာချာ စဉ်းစား၊ ဒီဥစ္စာ ဘုန်းကြီးက လိမ်ပြောနေတာလား၊ ဒါ သမုဒယသစ္စာ ကေန်ပဲလား ... (သမုဒယသစ္စာကေန်ပါဘုရား)၊ အကြောင်းကိုးဗျ၊ အကြောင်း သမုဒယလို့ ခင်ဗျားတို့ မပြောကြဘူးလား ... (ပြောပါတယ်ဘုရား)။

ဒါဖြင့် ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါ)၊ အကြောင်း သမုဒယသစ္စာ၊ မကိုက်ဘူးလား ... (ကိုက်ပါတယ်)၊ သူ့အားကိုးတဲ့ ပုဂ္ဂိုလ် ဘာရမတုံး ... (ခန္ဓာရပါတယ်ဘုရား)၊ ဘာသစ္စာရမတုံး... (ဒုက္ခသစ္စာရပါတယ်)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

ဒါဖြင့် ဘုန်းကြီးက မန္တလေးက ယူလာတာလား ... ဒကာ၊ ဒကာမတွေကို ပြင်ပေးချင်လို့ စတာလားသာ မေးပေတော့ ... (ပြင်ပေးချင်လို့ စတာပါဘုရား)၊ ပြင်ပေးချင်လို့ စတာဆိုတာ ရိပ်မိပလား ... (ရိပ်မိပါပြီ)။

## ဒုက္ခဖြစ်ချင်လို့ ကံဆက်နေကြတာလား

တပည့်တော်တို့ကလည်း မပြင်နိုင်ဘူးဘုရား မပြင်နိုင်ဘူး၊ ဘုန်းကြီးတို့နဲ့ ရန်ဖြစ်ရ ဖြစ်ရ မပြင်နိုင်ဘူး၊ ဘယ့်နှယ်ကြောင့်တုံး၊ ဘယ်ဆရာတော်မဆို ဘယ်စာအုပ်ကြည့်လိုက် ကြည့်လိုက် ကံသာလျှင် အမိ၊ ကံသာလျှင် အဖလို့ ဟောထားတော့ တပည့်တော်တို့ အရေးရှိလို့ရှိရင် ကံပဲ ဆက်နေရတယ်၊ မဆိုကြဘူးလား၊ ဆိုကြသလား ... (ဆိုပါတယ်ဘုရား)။

ငါးလွှတ်တဲ့အခါ ဘာလုပ်တာတုန်းမေးရင် ဘယ့်နှယ်ဖြေကြမလဲ ... (ကံဆက်တာပါဘုရား)၊ စာကလေးလွှတ်တော့ကော ... (ကံဆက်တာပါဘုရား)၊ ဒါဖြင့် ကံဆက်တော့ ဒကာ၊ ဒကာမတွေ ဒုက္ခရှည်မလား၊ မရှည်ဘူးလား ... (ရှည်ပါတယ်ဘုရား)၊ ဩော် ... ဒါဖြင့် ဒကာ၊ ဒကာမတွေ ကံဆက်တာ ဘာဖြစ်ချင်လို့တုံး ... (ဒုက္ခဖြစ်ချင်လို့ပါဘုရား)။

ဒုက္ခရှည်ချင်လို့၊ အမှန်ပြောတော့ ဒါပဲပြောရမယ် ... (မှန်ပါ့)၊ ဒီပြင် ပြောစရာရှိသေးရဲ့လား ... (မရှိပါဘုရား)၊ ဒါဖြင့် ဒကာ၊ ဒကာမတွေ အခု ဘုန်းကြီးပြောတဲ့အဓိပ္ပာယ် ... (ဘုရား ဟောတဲ့အဓိပ္ပာယ်)ဟာ ရမ်းပြောနေတာလား၊ ဖြစ်စဉ်ကိုက် ပြောတာလား ... (ဖြစ်စဉ်ကိုက်ပြောတာပါဘုရား)၊ ကျေနပ်ပလား ... (ကျေနပ်ပါပြီဘုရား)။

## ကံအမိ ကံအဖနဲ့ အိုးစားကွဲပါ

ဒါဖြင့် ယနေ့ ကံအမိ၊ ကံအဖနဲ့တော့ အိုးစားကွဲမှ ကိုက်တော့မယ်၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)၊ ကံအမိ ကံအဖနဲ့ ဘာဖြစ်မှ ကိုက်မတုန်း ... (အိုးစားကွဲရပါမယ်ဘုရား)။

ဩော် ... တပည့်တော်တို့ကလည်း ဒါပဲ အမိ၊ ဒါပဲ အဖ လုပ်နေတာ၊ အမိ အဖနဲ့ ခွဲရတော့မယ်ဆိုတာ ခင်ဗျားတို့ မျက်ရည်များကျဦးမှာလား ... (မကျပါဘုရား)။

ဟင် ... သခင်ဝတင် ဘယ့်နှယ်မျက်ရည်များကျဦးမှာလား ... (ကျကောင်းကျမယ်) ကျကောင်းကျမယ်။

## ရင်းရင်းနှီးနှီးနဲ့ အမှန်အတိုင်းပြောနေတဲ့ တရားပါ

ဆရာထွန်းကြီးက ရိပ်မိပြီ၊ သူလည်း ကျကောင်းကျမယ်၊ အဲဒါ ဒကာ၊ ဒကာမတို့ ဘုန်းကြီးများက ဦးသံဒိုင်တို့နဲ့တကွ အားလုံး ဒကာ၊ ဒကာမတွေကို ရင်းရင်းနှီးနှီးပြောတဲ့ တရားအမှန်ကို ပြောတဲ့တရား ဒီလိုယူပြီး နားထောင်ကြပါ၊ ရှင်းကြပလား ... (ရှင်းပါပြီ)၊ ဘယ်လိုပြောတဲ့တရားပါလိမ့် ... (ရင်းရင်းနှီးနှီးနဲ့ ပြောတဲ့တရားပါဘုရား)၊ ရင်းရင်းနှီးနှီးနဲ့ အမှန်ကိုပြောတဲ့တရား ပေါ်ပလား ... (ပေါ်ပါပြီ)။

စာဆိုကိုပြောနေတဲ့တရား၊ သူများရေးထားတာ အဓိပ္ပာယ် မသိဘဲနဲ့ စာကျက်ပြောနေတဲ့ တရားလို့ ယူကိုမယူနဲ့၊ သဘောကျ ပလား ... (ကျပါပြီဘုရား)။

စာကျက်ပြီးရလို့ ပြောတာမဟုတ်ဘူး၊ ခန္ဓာဖြစ်စဉ်ကို လျှောက်ပြောနေတယ်မှတ်ပါ ... (မှန်ပါ့ဘုရား)၊ ပေါ်ပလား ... (ပေါ်ပါပြီ)၊ ဘာပြောတာပါလိမ့် ... (ခန္ဓာဖြစ်စဉ်ကို လျှောက်ပြော တာပါဘုရား)၊ ခန္ဓာဖြစ်စဉ်ကို ခင်ဗျားတို့ မသိလို့ဖော်ပြနေတာ... (မှန်ပါ့)။

အခု ခင်ဗျားတို့ ခြေထောက်နဲ့ မော်တော်ကားက ဆင်းပြီး၊ ကာယကံနဲ့ လာခဲ့ကြသလားလို့ မေးလို့ရှိရင် ဘယ့်နှယ်ဖြေမလဲ ... (ကာယကံနဲ့လာပါတယ်ဘုရား)။

## ဒီကံလောက်နဲ့လည်း မလွန်မြောက်နိုင်သေးပါ

ကာယကံနဲ့လာခဲ့ကြတယ် ... (မှန်ပါ့)၊ အဲဒီကံသည် ခင်ဗျားတို့၊ တို့တရားနာသွားရအောင်ကွာ၊ ခြေတစ်လှမ်း တစ်သန်း တန်တယ်ဆိုတာ လူတိုင်းဟောနေတာ၊ အနာထပိဏ်သူဌေးကြီး လည်း ဘုရားဟောပါတယ် ... (မှန်ပါ့ဘုရား)၊ သို့သော်လည်း ဒီကံသည် ဘာကံတုန်းလို့ မေးလို့ရှိရင်ဖြင့် အင်း ... ဓမ္မသဝန ကုသိုလ်ကံဆိုတော့ ပုညကြိယာ ဆယ်ပါးထဲကပဲ ရှိနေသေးတယ် ဆရာထွန်းရေ၊ လူတို့၏ တရားလွန်မြောက်သလား ... (မလွန်မြောက် သေးပါဘုရား)။

မလွှန်မြောက်သေးတော့ ဒီကံဟာလည်း ကာယကံနဲ့ ခြေထောက်လှမ်းလာကြတော့ ဝစီကံနဲ့လည်း တစ်ယောက် တစ်ယောက် သွားကြရအောင်ဟော့ လာပါကွ၊ မင်းနားမထောင်ဖူးသေးတော့ ခက်တယ်ကွ၊ လိုက်နားထောင်ဦးကွ၊ တစ်ယောက် တစ်ယောက်ကော မခေါ်ကြဘူးလား ... (ခေါ်ပါတယ်ဘုရား)၊ အဲဒါဟာ ဝစီကံတွေဗျ ... (မှန်ပါ့ဘုရား)။

အဲဒီ ဝစီကံတွေက ဒီဘဝအကျိုးပေးလို့ရှိရင်ဖြင့် အသက်ရှည်သွားမယ်၊ မရှည်သေးဘူးလား ... (ရှည်ပါတယ်ဘုရား)၊ ရှည်တာ ဇရာပဲ ... (မှန်ပါ့ဘုရား)၊ ရိုပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

ရှည်တာ ဘာခေါ်ကြမလဲ ... (ဇရာပါဘုရား)၊ ဒါဖြင့် ကမ္မဘဝပစ္စယာ ဇရာ၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)၊ ကမ္မဘဝပစ္စယာ ... (ဇရာပါဘုရား)။

## ပထမဇောက ဇရာ၊ သတ္တမဇောက ဇာတိ၊ ဒါပဲအကျိုးပေးမယ်

ဇရာပဲ ဟုတ်တာ၊ ပထမဇောနဲ့ထောက်တော့ ဇရာပဲအကျိုးပေးရမယ်၊ သတ္တမဇောနဲ့ထောက်မှ ဇာတိကိုးဗျ ... (မှန်ပါ့)။

ဆရာထွန်းကြီး သေသေချာချာ ဝေဖန်တော့ ... (ဟုတ်ပါတယ်ဘုရား)၊ ဒါက အင်မတန် နည်းနည်းကလေးပဲ ဗဟုသုတရှိလို့ ဒီအဓိပ္ပာယ် ပြောနိုင်တယ်လို့ မှတ်ကြပါနော် ... (မှန်ပါ့)။

နို့မို့လို့ရှိရင် ဇာတိတစ်ခုပဲ ပောနိုင်တယ်၊ ဇရာပောနိုင်ပါ့မလား ... (မပောနိုင်ပါဘုရား)၊ ပထမဇောနဲ့ ထောက်တဲ့အခါ ပထမဇော ဒီဘဝအကျိုးပေးမယ်ဆိုတော့ ဇရာပဲ အကျိုးပေးရမယ် ... (မှန်ပါ့ဘုရား)၊ ဆရာထွန်းကြီး ဘယ်သူ့အကျိုးပေးမလဲ ... (ဇရာပဲ အကျိုးပေးပါမယ်ဘုရား)၊ ဇာတိလာနိုင်ပါ့မလား ... (မလာနိုင်ပါဘုရား)၊ သူက ဒီဘဝအကျိုးပေးရင်ပေး၊ မပေးရင် အဟောသိကံကိုးဗျ၊ နောက်လိုက်သေးရဲ့လား ... (မလိုက်ပါဘုရား)။

အဲဒါကြောင့် ဒါကလေးတွေကတော့ ပို့ဂ့်ကလေးတွေလို့ မှတ်ပါတဲ့၊ မကြားဖူးတဲ့စကား ခင်ဗျားတို့ မသိသေးတဲ့အမိပ္ပာယ် ထည့်ပေးတယ်ဆိုတာ မှတ်လိုက်စမ်းပါ၊ ရှင်းပလား ... (ရှင်းပါပြီ)။

## ပထမဇော–ကမ္မဘဝပစ္စယာဇရာပဲရမယ်

ဒါဖြင့် ယနေ့ ဒကာ၊ ဒကာမတွေ ကာယကံ၊ ဝစီကံတွေ လုပ်လာတော့ ကျုပ်တို့ တရားကတော့ ကယ်မှာပါပဲ၊ စီးပွားရေးရော ကျန်းမာရေးရော ... (မှန်ပါ့)၊ သူ ပထမဇောမျှော်ပြီ၊ မမျှော်သေးဘူးလား ... (မျှော်ပါတယ်) မျှော်ပြီ။

ကမ္မဘဝပစ္စယာ ... (ဇရာ) အသက်ရှည်အောင် မဟုတ်ဘူးလား ... (မှန်ပါ့)၊ အသက်ရှည်တော့ စီးပွားရှာနိုင်တော့ ချမ်းသာတာပေါ့၊ မဆိုနိုင်ဘူးလား ... (ဆိုနိုင်ပါတယ်)၊ ဒါ အားကိုးပြီးသကာလ ကမ္မဘဝပစ္စယာ ဇရာ၊ ဘယ့်နှယ်ဆိုကြမလဲ ... (ဇရာပါ) ဇရာပဲရမယ်။

## ဇာတိကတော့နောက်မှရမှာ

ဇာတိတော့ မရသေးပါဘူး၊ နောက်မှရမှာ ကိုင်း ... ဒကာ၊ ဒကာမတွေက နာရီကကုန်သွားမှာလည်းစိုးတယ်၊ သိစရာတွေကလည်း နည်းတာမဟုတ်ဘူး၊ သိစရာ နည်းသလား ကိုင်း ... ။

အခုဟာ ထူးထူးဆန်းဆန်း ပြောနေတာ၊ ခင်ဗျားတို့နားထဲမှာ ဘယ့်နှယ်ဖြစ်နေသတုံး ... (ထူးထူးဆန်းဆန်း စကားပြောနေပါတယ်)၊ ဖြစ်စဉ်ကတော့ ထူးဆန်းသလားတဲ့ ... (မထူးဆန်းပါဘူး)၊ ဒါဖြင့် ဖြစ်စဉ်မသိလို့ ထူးဆန်းတယ်ထင်နေတာ ... (မှန်ပါ့)၊ ပေါ်ကြပလား ... (ပေါ်ပါပြီ)၊ ဖြစ်စဉ်မသိတာနဲ့ ... (ထူးဆန်းတယ် ထင်နေတာပါ)။

## ကိုယ်အနာပေါက်တာမှ ကိုယ်မသိကြလို့ ပြောနေရတာ

ဒါဖြင့် အထူးအဆန်း ဘုန်းကြီးက ဒီကျမှထုတ်ပြနေတာလားတဲ့ ... ကိုယ်အနာပေါက်တာ မသိတော့၊ ဟ ... နင် အနာပေါက်နေတယ် ပြောရတာလား ... (အနာပေါက်နေတာ သိအောင် ပြောရတာပါဘုရား)။

ဒါဖြင့် လူအ၊ လူပြိန်း ပြောနေရတာပါပဲလို့၊ သဘောပါ

ကြရဲ့လား ... (ပါ, ပါတယ်)၊ ကဲ ... ဒါဖြင့် ခင်ဗျားတို့ အားကိုးတဲ့ ကံအမိ၊ ကံအဖဆိုတာ ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။

သူ့အားကိုးရင် သူက သမုဒယသစ္စာဖြစ်လို့ ဇာတိ၊ ဇရာ၊ မရဏာဆိုတဲ့ ဒုက္ခသစ္စာရမယ် ... (မှန်ပါ့ဘုရား)၊ နိဂုံးချုပ်လိုက်ပါပြီ၊ ကံအမိ၊ ကံအဖဆိုတာ အားကိုးတော့ ဘာသစ္စာရမတုံး ... (ဒုက္ခ သစ္စာရမယ်)၊ ဒုက္ခသစ္စာပဲရမယ် ... (မှန်ပါ)၊ ဒကာ၊ ဒကာမတို့ ကံဆက်ချင်သေးသလား ... (မဆက်ချင်ပါ)။

ဟာ ... ဒါဖြင့် ငါးတွေ ဒုက္ခရောက်တော့မယ်၊ ဖမ်းထားတဲ့ လူတွေ အလကားဖြစ်လိမ့်မယ်၊ ငါးလွှတ်ကြပါ၊ ငါးလွှတ်ကြပါ၊ ကံဆက်ကြပါဆိုတဲ့ အဓိပ္ပာယ်၊ မောင်ကို မင်းလွှတ်ဖူးရဲ့လား ... (လွှတ်ဖူးပါတယ်ဘုရား)၊ လွှတ်ဖူးတယ်၊ ဩော် ... မင်းတို့ ဇရာ ကြိုက်ပါပဲလား။

## အားကိုးရမှာကို ပြောင်းပေးခဲ့မယ်

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ဘုန်းကြီး အားကိုး ကလေးပြောင်းပေးခဲ့ပါမယ်၊ ဇာတိက ဒုက္ခသစ္စာဖြစ်နေတော့ ကံကလည်း သမုဒယသစ္စာဖြစ်နေတော့ သမုဒယသစ္စာပယ်ရမည့် တရား၊ ဒုက္ခသစ္စာက ပိုင်ပိုင်နိုင်နိုင်သိပြီးတော့ ထားခဲ့ရမည့်တရား ... သဘောပါကြလား ... (ပါ,ပါတယ်)။

သမုဒယသစ္စာက ... (ပယ်ရမည့်တရားပါဘုရား)၊ ဒုက္ခသစ္စာက ပိုင်းခြားပြီး သိပြီးသကာလ သူ့ကိုသိပြီး နိဗ္ဗာန်သွား

ရမည့်တရား ... (မှန်ပါ့)၊ သူသိရုံတွင် သိရမယ်၊ အဆိုးမှန်း သိရမယ် ... (မှန်ပါ့)။

အဲဒီတော့ ခင်ဗျားတို့ အဆိုးလည်းကြိုက်၊ ဟင် ... (မှန်ပါ့)၊ ပယ်ရမည့်တရား သိမ်းပိုက်၊ ဘယ့်နှယ်တုံး၊ အဆိုးတော့ ဘာတဲ့ ... (ကြိုက်ပါတယ်ဘုရား)၊ ပယ်ရမည့်တရားတော့ ... (သိမ်းပိုက်ပါတယ်ဘုရား)၊ ဒီတရားပွဲ ဟောမဖြစ်ပါဘူး၊ ခင်ဗျားတို့ ဟာ ကန့်လန့်ချည်းလုပ်ပြောတာကိုး၊ သဘောပါကြရဲ့လား ... (ပါ,ပါတယ်ဘုရား)။

အဲဒါ ဒကာ၊ ဒကာမတို့ ခင်ဗျားတို့အတွက်ဟာ ဘုန်းကြီး ရင်လေးတယ်၊ ဘာကြောင့် ရင်လေးတုန်းဆိုတော့ မသိတာက တန်းကို ကုန်နေတယ် ... (မှန်ပါ့ဘုရား)။

## မသိတာတန်းကုန်နေတာ

ဒကာ၊ ဒကာမတွေ နာသလား ... (မနာပါဘုရား)၊ မနာနဲ့ဗျ ...၊ မသိတာက တန်းကိုကုန်နေတာ၊ တကယ် ဒီပယ် ရမည့်တရားကျတော့ ဘာလုပ်သလဲ ... (သိမ်းပိုက်ပါတယ်ဘုရား)၊ ထားပစ်ခဲ့၊ ပိုင်းခြားသိရမည့် တရားကျတော့ ခင်ဗျားတို့က အကြိုက် ဖြစ်နေတယ် ... (မှန်ပါ့ဘုရား)၊ ဒုက္ခသစ္စာကျတော့ ... (အကြိုက် ဖြစ်နေပါတယ်ဘုရား)။

သမုဒယသစ္စာကျတော့လည်း အဖေ အမေလုပ်ပြီးကိုးကွယ် တယ် ... (မှန်ပါ့)၊ သဘောပါကြရဲ့လား ... (ပါ,ပါတယ်)၊

သမုဒယသစ္စာကျတော့ ဘာတဲ့ ... (ကိုးကွယ်နေပါတယ် ဘုရား)၊ အမေ အဖေလုပ်ကိုးကွယ်တာ ကံသာလျှင် အမိ၊ ကံသာလျှင် အဖကိုး၊ သဘောကျပလား ... (ကျပါပြီ)၊ သမုဒယသစ္စာကျတော့ ကိုးကွယ်တယ်၊ ဒုက္ခသစ္စာကျတော့ ခင်ဗျားတို့အရယူတယ် ... (မှန်ပါ)။

## ကန့်လန့်ဂိုဏ်းဖွဲ့ပြီး ဘုရားကိုပါ ကန့်လန့်လုပ်နေကြတာ

ဒါဖြင့် ဒီသစ္စာနှစ်ပါးကလည်း ဘုရားက ဒကာ၊ ဒကာမတို့ ပိုင်းခြားသိရမည့်တရား၊ ပယ်စွန့်ရမည့်တရားဆိုတာလည်း သေသေချာချာဟောတယ်၊ မဟောဘူးလား ... (ဟောပါတယ်)။

ဒါဖြင့် ခင်ဗျားတို့ ဘုရားကို ကန့်လန့်လုပ်နေတာ ဟုတ်ရဲ့လား ... (ဟုတ်ပါတယ်ဘုရား)၊ ဘုရားကန့်လန့်လုပ်နေတာ ဗျ။ ဘယ်အရွယ်မှ ကန့်လန့်လုပ်တာတုန်းဆို တပည့်တော်တို့က ဘုရား၊ ကန့်လန့်ကို မိဘရိုးရာ ပျက်မှာစိုးလို့ သားသမီးတွေတောင် ဟောခဲ့သေးတယ် ဘုရာ့၊ ကန့်လန့်ဂိုဏ်းဖွဲ့ပြီးပေါ့၊ သဘောပါကြ ရဲ့လား ... (ပါ,ပါတယ်ဘုရား)။

ကိုင်း ... ဒါဖြင့် သေသေချာချာ ပြောပါတော့မယ်၊ ခင်ဗျားတို့ အားကိုးရာအစစ်ကို ပြပါတော့မယ်နော် ... (မှန်ပါ)။

## ဉာဏ်အမိ ဉာဏ်အဖ ထည့်ပေးစမ်းပါ

ဒကာ၊ ဒကာမတို့ ဉာဏ်အမိ၊ ဉာဏ်အဖ ဒီနေရာထည့်ပေးစမ်းပါ ... (မှန်ပါ)၊ သဘောပါပလား ... (ပါ,ပါပြီ)။ ဒီနေရာမှာ ဘာထည့်ပေးရမယ် ... (ဉာဏ်အမိ၊ ဉာဏ်အဖ)။

ဉာဏ်အမိ၊ ဉာဏ်အဖ၊ ထည့်ပေးလို့ရှိရင်ဖြင့် ဉာဏ်သည် သမုဒယသစ္စာ မပယ်ဘူးလား ... (ပယ်ပါတယ်ဘုရား)၊ ဒီဘက်က ဒုက္ခသစ္စာလားသေးရဲ့လား ... (မလာပါဘုရား)။

ဒါဖြင့် ဉာဏ်အမိ၊ ဉာဏ်အဖ အားကိုးမှ ကိုက်မယ် ... (မှန်ပါ)၊ ပေါ်ပလား ... (ပေါ်ပါပြီ)၊ ဘာအားကိုးရမလဲ ... (ဉာဏ်အမိ၊ ဉာဏ်အဖ အားကိုးရပါမယ်)၊ ဒီနေရာ ဉာဏ်သွင်းလိုက်တော့ ဒီတရားတွေဟာ ဒုက္ခသစ္စာ ... (မှန်ပါ)၊ သိတဲ့ဉာဏ်က မဂ္ဂသစ္စာ ... (မှန်ပါ၊ မဂ္ဂသစ္စာ)။

ကဲ ... ဒီဉာဏ်ပဲ အားကိုးတော့မယ်ဆိုတော့ ဒီ သမုဒယသစ္စာ သေ,မသေ ... (သေပါတယ်ဘုရား)၊ ပြတ်ထွက်သွားတယ် ... (မှန်ပါ)၊ မပြတ်ဘူးလား၊ ပြတ်သလား ... (ပြတ်ပါတယ်ဘုရား)။

## အမေအဖေပြောင်းတဲ့နေ့

ဒီဒုက္ခသစ္စာ လာဦးမှာလား ... (မလာပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ယနေ့၊ အမေ၊ အဖေ ပြောင်းတဲ့နေ့ ... (မှန်လှပါ

ဘုရား)၊ ဘယ်လိုမှတ်ကြမလဲ ... (အမေ၊ အဖေ ပြောင်းတဲ့နေ့ပါ ဘုရား)၊ အပေါင်းကြီး ပေါင်းလာတာ ကြာခဲ့ကြပြီ ... (ကြာပါပြီ)။

ယနေ့ ဒီဆရာနဲ့ကျမှ ရန်တိုက်ပေးတာနဲ့ ခင်ဗျားတို့ မခွဲချင်ဘဲနဲ့ ခွဲရတာလား၊ အကျိုးအပြစ် သိတာနဲ့ ခွဲရမှာလား ... (အကျိုးအပြစ်သိတာနဲ့ ခွဲရမှာပါဘုရား)၊ တော်တော်၊ တော်လာပြီဗျ၊ ဒါနည်းတဲ့အသ မဟုတ်ဘူးနော်။

နည်းတဲ့အသံ မဟုတ်သေးဘူးဆိုတာ တော်တော်အရေးကြီးတဲ့အသံ၊ ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ ဒီလောက် သိတယ်ဆိုရင် အများကြီးတော်သွားပြီ ... (မှန်ပါ)၊ ဒီနေရာမှာ ဉာဏ်အမိ၊ ဉာဏ်အဖကို ဒီက ဒုက္ခသစ္စာ ဖြစ်ပျက် တရား၊ ဒီကနေဉာဏ်နဲ့ ရှုလိုက်တော့ကို ဖြစ်ပျက်၊ မဂ်မဖြစ်ဘူးလား ... (ဖြစ်ပါတယ်ဘုရား)။

## မဂ်ဉာဏ်ကို အားကိုးလိုက်တဲ့အကျိုး

အဲဒါ မဂ်ဉာဏ်အားကိုးလိုက်တဲ့အတွက် သမုဒယသစ္စာကို ပယ်တယ်၊ ဒုက္ခသစ္စာက မလာတော့ဘူး၊ လာသေးရဲ့လား ... (မလာပါဘုရား)။

ဒါဖြင့် ဘာအားကိုးလိုက်လို့ ဒီကိစ္စပြီးပါလိမ့်မတုန်း ... (ဉာဏ်အမိ၊ ဉာဏ်အဖပါ) ဉာဏ်အမိ၊ ဉာဏ်အဖ အားကိုးလိုက်တဲ့ အတွက် တို့ကိစ္စပြီးသွားတယ်၊ ကံအမိ၊ ကံအဖတုန်းကတော့ တို့ အတော်ကို လည်နေတယ်။ ဆိုနိုင်၊ မဆိုနိုင် ... (ဆိုနိုင်ပါတယ်

ဘုရား)၊ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)၊ ဒါဖြင့် ဘာအားကိုး ကြမလဲ ... (ဉာဏ်အမိ၊ ဉာဏ်အဖပါ ဘုရား)၊ ကံအမိ၊ ကံအဖ အားကိုးခဲ့တာ ဘယ်လောက်ကြပြီတုံး ... (ကြာပါပြီ)ဘုရား)။

## အားကိုးမှားလို့ ဘုရားအဆူဆူနဲ့ လွဲခဲ့ကြပြီ

ဟာ ... ဘုရားအဆူဆူနဲ့ လွဲခဲ့ပြီဗျ၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)၊ ဒါဖြင့် ယခု ဘာအားကိုးကြမယ် ... (ဉာဏ်အမိ၊ ဉာဏ်အဖ အားကိုးရပါမယ်)၊ ဉာဏ်အမိ၊ ဉာဏ်အဖ အားကိုးတော့ မယ်ဆိုတဲ့ စိတ်ကိုဖြင့် ပြောင်းဖြစ်အောင်ပြောင်းရတော့မှာပဲ၊ မပြောင်း သင့်ဘူးလား ... (ပြောင်းသင့်ပါတယ်ဘုရား) ကောင်းပြီ။

## ပုဏ္ဏနဲ့သေနိယတို့ကိုဟောတဲ့တရား

ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီတရားသည်ကားလို့ ဆိုလို့ ရှိရင်ဖြင့် ဘုရားသခင်ကိုယ်တော်မြတ်ကြီး မဇ္ဈိမပဏ္ဏာသ ပါဠိတော် ကုက္ကုရဝတိကသုတ်မှာ ပုဏ္ဏတို့ သေနိယတို့ကို ဟောတယ် ... (မှန်ပါ)၊ မဟောဘူးလား ... (ဟောပါတယ်ဘုရား)။

ပုဏ္ဏတို့ သေနိယတို့ကို ဟောတယ်၊ သဘောပါကြရဲ့လား ... ( ပါ,ပါတယ်ဘုရား)၊ ဘယ်သူ့ဟောပါလိမ့် ... (ပုဏ္ဏနဲ့ သေနိယကို ဟောပါတယ်ဘုရား)၊ ပုဏ္ဏတို့ သေနိယတို့ဆိုတဲ့ တိတ္ထိ နှစ်ယောက်ကို ဟောတဲ့တရား ... (မှန်ပါ)၊ ရှင်းပလား ... (ရှင်းပါပြီ) ကောင်းပြီ။

ဒါဖြင့် ဒကာ၊ ဒကာမတို့ ကံအမိ ကံအဖကို ဖြုတ်ပြီး သကာလ ဘာလုပ်ရမယ် ... (ဉာဏ်အမိ၊ ဉာဏ်အဖကို ပြောင်းရပါမယ်ဘုရား)။

ဉာဏ်အမိ၊ ဉာဏ်အဖ အားကိုးလိုက်လို့ရှိရင်ဖြင့် ဒီနေရာမှာ ဒီတရားတွေက ဒုက္ခသစ္စာ၊ ဒုက္ခသစ္စာသိတဲ့ ဉာဏ်ကို အားကိုးလိုက် ... (မှန်ပါ့)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)၊ အားကိုးလိုက်တော့ သမုဒယသစ္စာ မသေဘူးလား ... (သေပါတယ်ဘုရား)၊ ဒုက္ခသစ္စာလာသေးရဲ့လား ... (မလာပါဘုရား)။

ဒါ ... ဘာအားကိုးလိုက်လို့ပါလိမ့် ... (ဉာဏ်အမိ၊ ဉာဏ်အဖ အားကိုးလိုက်လို့ပါဘုရား)၊ ကဲ ... သခင်ဝတင် ကျေနပ်ပလား... (မှန်ပါ့ဘုရား)၊ ဘာအားကိုးမလဲ ... (ဉာဏ်အမိ၊ ဉာဏ်အဖ အားကိုးပါမယ်ဘုရား)။

## ကံက ကိလေသာဖြတ်သလား၊ ဉာဏ်ကကိလေသာ ဖြတ်သလား

နဂိုက ဘာအားကိုးတယ်၊ ခင်ဗျားတို့ အမျိုးက ဘာပါလိမ့် ... (ကံအမိ၊ ကံအဖပါဘုရား)၊ ကံအမိ၊ ကံအဖအမျိုးကိုး၊ ယနေ့တော့ ဘယ်လိုများပြောင်းကြပါလိမ့် ... (ဉာဏ်အမိ၊ ဉာဏ်အဖ အားကိုးရပါမယ်)။ ဒါကလေးဟာ ကံနဲ့ဉာဏ် ခင်ဗျားတို့ စဉ်းစားကြည့်၊ ကံက ကိလေသာဖြတ်သလား၊ ဉာဏ်က ကိလေသာဖြတ်

သလား ... (ဉာဏ်ကကိလေသာဖြတ်ပါတယ်)၊ ဒါဖြင့် ကိလေသာ ကြောင့် သံသရာလည်တာကိုသူဖြတ်ပေးဖော်ရတော့ သူ့ကို အားကိုး ရမယ်၊ မကိုးထိုက်ဘူးလား ကိုးထိုက်သလား ... (ကိုးထိုက်ပါတယ် ဘုရား)၊ သဘောပါကြပလား ... (ပါ,ပါတယ်ဘုရား)။

## ဉာဏ်လုပ်တဲ့အထဲမှာ စေတနာလည်းပါတယ်

ဒါဖြင့် တပည့်တော်တို့ ဒါနကံ၊ သီလကံတွေ မလုပ်ရတော့ ဘူးလားလို့ ဒကာ၊ ဒကာမတွေက မေးလိမ့်မယ်နော် ... (မှန်ပါ့)၊ လုပ်ပါလို့လည်း တိုက်တွန်းလိုက်တယ်။ ဒါနတွေ သီလတွေ တပည့်တော်တို့ မလုပ်ရတော့ဘူး၊ ဉာဏ်စခန်းချည်းလုပ်ရတော့ မလားလို့ ဒကာ၊ ဒကာမတွေက မေးတော့ မဟုတ်ပါဘူး၊ ခင်ဗျားတို့ ဉာဏ်လုပ်တဲ့ အထဲမှာ ဒီအထဲမှာ စေတနာဟာ မပါဘဲ မရှိဘူး၊ ဆရာထွန်းကြီး ရှိပဲ့မလား ... (မပါ, မရှိပါဘုရား)။

စေတနာပါနေတယ် ရှုချင်တဲ့စေတနာမပါဘူးလား ... (ပါ,ပါတယ်ဘုရား)၊ သူ့ထဲလည်း ကံပါ,ပါတယ်။ သဘောကျရဲ့လား ... (ကျပါတယ်)၊ ဝဋ်ပြတ်တဲ့ကံတော့ လုပ်သာလုပ်၊ လှူသာလှူ၊ ပေးသာပေး၊ ကမ်းသာကမ်း ... (မှန်ပါ့)၊ ရှင်းပလား ... (ရှင်းပါပြီ)၊ သမုဒယမဆက်တဲ့ကံမျိုးကို လုပ်ပါ ... (မှန်ပါ့ဘုရား)၊ သဘော ပါကြရဲ့လား ... (ပါ,ပါတယ်ဘုရား)။

## ကံပယ်ခြင်းမဟုတ်၊ ဉာဏ်နဲ့တွဲတဲ့ကံကိုလုပ်ပါ

ကံပယ်တာလား ... မပယ်ဘူးလား ... (မပယ်ပါဘုရား)၊ မပယ်ပါဘူး ... တဲ့၊ ဉာဏ်နဲ့တွဲတဲ့ကံကိုလုပ်ပါ ... (မှန်ပါ့)၊ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်နဲ့တွဲတဲ့ကံကိုလုပ်ပါ ... (မှန်ပါ့ဘုရား)၊ ခင်ဗျားတို့ အားကိုးတဲ့ကံက ကမ္မဿကတာ သမ္မာဒိဋ္ဌိလို့ခေါ်တယ် ... (မှန်ပါ့ဘုရား)၊ ရှင်းပလား ... (ရှင်းပါပြီ)၊ ခင်ဗျားတို့ ကံအမိ၊ ကံအဖဆိုတာ ဘာတဲ့ ... (ကမ္မဿကတာ သမ္မာဒိဋ္ဌိပါဘုရား)။

အဲဒါက ဒိဋ္ဌိဘယ်တော့မှ မပြုတ်ဘူး ... (မှန်ပါ့)၊ ဆရာ ထွန်းကြီးပြုတ်ရဲ့လား ... (မပြုတ်ပါဘုရား)၊ သဘောပါကြပလား ... (ပါ, ပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အားကိုးနေတာက ကံကို အားကိုးခြား သော်လည်းတဲ့၊ ဒိဋ္ဌိကမပြုတ်တော့ကို အဲဒီကံက အကျိုးလည်း ပေးပါတယ်၊ ဒိဋ္ဌိက အပယ်ဆွဲ ဆွဲချသေးတယ် ... (မှန်ပါ့)၊ သဘောပါပလား ... (ပါ, ပါပြီဘုရား)၊ ဒီထဲမှာပါတဲ့ကံကတော့ ဉာဏ်နဲ့တွဲနေတဲ့ ကံကတော့ သမုဒယသစ္စာဖြတ်တယ် ... (မှန်ပါ့)၊ ဒီက ဖြစ်ပျက်ဆိုတော့ ဒီကမဂ်ပေါ့ဗျာ၊ သဘောကျပလား ... (ကျပါပြီ)။

ဒီက ဒုက္ခသစ္စာဆိုတော့ ဒီကဘာတုံး ... (မဂ္ဂသစ္စာပါ ဘုရား)၊ မဂ္ဂသစ္စာထဲ ကံမပါဘူးလား ... မဂ်ချည်းဖြစ်သလား၊ ကံပါသေးသလား ... (ကံပါ, ပါတယ်ဘုရား)၊ သဟဇာတအဖြစ်နဲ့

ပါတာပေါ့၊ စေတနာဟာ စိတ်တစ်ခု ရုပ်ကိုးဆယ်မှာ ယှဉ်တာပဲ ... (မှန်ပါ့)၊ မပါဘူးလား ... (ပါ,ပါတယ်ဘုရား)၊ သို့သော် သူပြဋ္ဌာန်းသလား ... မပြဋ္ဌာန်းတော့ဘူးလား ... (မပြဋ္ဌာန်းပါဘုရား)။

## ကံပြတ်မှ ဒုက္ခသိမ်းမယ်

သူမပြဋ္ဌာန်းတော့ဘူး၊ ပါတော့ပါရဲ့ သူက မပြဋ္ဌာန်းတော့တဲ့အတွက် ဇာတိ ဇရာ မရဏ အကျိုးပေးသေးရဲ့လား ... (မပေးပါဘုရား)၊ တဏှာဖြတ်ပေါ့ဗျာ ... (မှန်ပါ့)၊ တဏှာဥပါဒါန်ကံတွေ မဖြတ်ဘူးလား ... (ဖြတ်ပါတယ်)၊ ဒါဖြင့် ဒကာ၊ ဒကာမတို့ ဒီအထဲမှာပါတဲ့ စေတနာ ဒီထဲမှာပါတဲ့ ပညာသည် ကံပြတ် ... (မှန်ပါ့)၊ ပေါ်ကြပလား ... (ပေါ်ပါပြီ)၊ ကံဆက်ရင် ဘာဖြစ်မယ်၊ ဒုက္ခရောက်မယ် ... (မှန်ပါ့)၊ ကံပြတ်လို့ရှိရင်ဖြင့် ဒုက္ခသိမ်းမယ် ... (မှန်ပါ့၊ ဒုက္ခသိမ်းမယ်)၊ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

ကံဆက်ရင် ... (ဒုက္ခရောက်ပါတယ်)၊ ဒီကံကို ဖြတ်လိုက်လို့ရှိရင် ... (ဒုက္ခခပ်သိမ်းပါတယ်)၊ ဒုက္ခသိမ်းတယ်ဆိုတာ ဘုန်းကြီးက ကြံဖန်ဟောတာလား ခင်ဗျားတို့ခန္ဓာဖြစ်စဉ်က ဒီအတိုင်းလား ... (ခန္ဓာဖြစ်စဉ်က ဒီအတိုင်းပါဘုရား)၊ ဒါဖြင့် ဘုန်းကြီးမယုံကြနဲ့၊ ခန္ဓာကပြေတာယုံ ... (မှန်ပါ့ဘုရား)၊ သဘောပါပလား ... (ပါ,ပါတယ်)၊ ဘယ်သူ့ကို သက်သေထားပါလိမ့် ... (ခန္ဓာကို

သက်သေထားပါတယ်ဘုရား)၊ အဲ ခန္ဓာထက် အပြောကောင်းဖြစ်စဉ် မှန်တာရှိသေးရဲ့လား ... (မရှိပါဘုရား)။

ဒါ ... ဉာဏ်ကြီးကြီးနဲ့ နားကြီးကြီးနဲ့ ထောင်ပါလို့ နဂိုက ပြောတဲ့စကားဟာ အားလုံးတရားနာလာကြတဲ့ ဒကာ၊ ဒကာမတွေ မမှန်ဘူးလား မှန်သလား ... (မှန်ပါတယ်ဘုရား)၊ ဒါဖြင့် ယနေ့ကစ၍ အမိ အဖ ဘာလုပ်ရမယ် ... (ပြောင်းရပါမယ်)။

## အမိနဲ့တူတဲ့ တဏှာ၊ အဖနဲ့တူတဲ့ မာနကို သတ်ပါ

ဘုရားတောင်ဟောသေးတာ "မာတရံ ပိတရံ ဟန္တွာ" လို့ ဓမ္မပဒမှာ အမိအဖ သတ်ရမယ်တဲ့ကွ ... (မှန်ပါ့ဘုရား)၊ မဟောဘူး လား၊ ဟောသလား ... (ဟောပါတယ်ဘုရား)၊ မထင်ရှားဘူးလား ... (ထင်ရှားပါတယ်ဘုရား)။

အမိနဲ့တူတဲ့တဏှာ၊ အဖနဲ့တူတဲ့မာန ... (အဝိဇ္ဇာ)ကို ဘာလုပ်ရမလဲ ... (သေအောင်သတ်ရပါမယ်)၊ သတ်ရမယ်ဆိုတော့ သမုဒယသစ္စာအသတ်ခိုင်းတာ ... (မှန်ပါ့)၊ ပေါ်မလာဘူးလား ... (ပေါ်လာပါတယ်)၊ ရှင်းပြီနော် ... (မှန်ပါ့ဘုရား)။

ဒါဖြင့် ယနေ့ ဒကာ၊ ဒကာမတို့ ဘာတရားဟောတုန်းလို့ ခင်ဗျားတို့ပြန်တော့ တိုးတိုး တိုးတိုးပြောသွားကြ ... (မှန်ပါ့)၊ အမိ၊ အဖ ပြောင်းရသဟေ့၊ တို့ ငယ်မိ၊ ငယ်ဖတွေက ဒုက္ခပေးနေ

တာနဲ့ ဟုတ်လား၊ ကြီးမှသိရတဲ့ အမိအဖကို ကိုးကွယ်နေရတယ် ဆိုတာ သေချာကျပလား ... (ကျပါပြီ)။

## ကိုးကွယ်ထိုက်တာမင်ဉာဏ်

ဒါဖြင့် မင်ဉာဏ်က ကိုးကွယ်ထိုက်တာ ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီ)၊ ခင်ဗျားတို့ ကံအမိ၊ ကံအဖက ကိုးကွယ်ထိုက်ရဲ့လား ... (မကိုးကွယ်ထိုက်ပါဘုရား)၊ ကဲ ... မကွာဘူးလား ... (ကွာပါတယ်ဘုရား)၊ ဟိုကံက ကိုးကွယ်ထိုက်ရဲ့ လား ... (မကိုးကွယ်ထိုက်ပါ)၊ ဒီဉာဏ်နဲ့တွဲနေတဲ့ကံကျတော့ကို မင်တရား၊ ဖိုလ်တရား၊ နိဗ္ဗာန်တရားကို ရှိခိုးပါ၏ဆိုတာ လာရမယ်၊ မလာရဘူးလား... (လာရပါတယ်ဘုရား)။

ဒါဖြင့် အင်မတန်ထူးခြားသွားပြီဆိုတဲ့ အမိပွာယ် ဒကာ၊ ဒကာမတို့ ဉာဏ်ဝမှာရောက်ပလား ... (မှန်ပါ့၊ ရောက်ပါပြီ)၊ ကဲ ... ဒါဖြင့် ဘယ်အမိအဖနဲ့ နေကြသတုန်း ... (ဉာဏ်အမိ၊ ဉာဏ်အဖနဲ့ နေပါမယ်ဘုရား)၊ သဘောပါကြသလား ... (ပါ,ပါပြီ) သဘောပါပြီတဲ့။

## ကံလေးမျိုး

ကိုင်း ... ဒါနဲ့ ဝတ္ထုတိုကလေး ထုတ်ကြပါစို့ ဒကာ၊ ဒကာမတို့၊ ဒါအရေးကြီးလို့ ပြောရပါတယ်နော် ... (မှန်ပါ့)၊

ကံဟာ ဝတ္ထုမထုတ်ခင် ကံလေးမျိုး မှတ်လိုက်စမ်း ... (မှန်ပါ့)၊ ခင်ဗျားတို့ ကံဆိုရင် ကိုးကွယ်ရမှာချည်းမှတ်နေတာ ... (မှန်ပါ့ဘုရား)၊ ကံဆိုလိုရှိရင်ဖြင့် ကံအမိ ကံအဖချည်းလုပ်နေရင် ခက်လိမ့်မယ်၊ မခက်ပေဘူးလား ... (ခက်ပါတယ်ဘုရား)။

ကံလေးမျိုး ဒကာ၊ ဒကာမတွေ ကိုယ့်စာကလေးနဲ့ ကိုယ်ရေးလိုက်စမ်းပါ ... နော်။

(၁) အမည်းကံ၊ အမည်းအကျိုးပေးတာတစ်မျိုး၊ ဒကာ၊ ဒကာမတွေ ရေးပြီးကြပလား ... (ရေးပြီးပါပြီဘုရား)၊ အမည်းကံက အမည်းအကျိုးပေးတာတစ်မျိုး၊ မည်းတဲ့ ကံမည်းတဲ့အကျိုးပေးတာက တစ်နံပါတ်။

(၂) ဖြူတဲ့ကံ ဖြူတဲ့ အကျိုးပေးတာက နှစ်နံပါတ်၊ အဖြူ ကံ အဖြူအကျိုးပေးတာက ... (နှစ်နံပါတ်ပါဘုရား)။

သေသေချာချာမှတ်ပါ၊ သေသေချာချာ မှတ်ပါ ... (မှန်ပါ့)၊ ခင်ဗျားတို့က ကံဆိုလို့ရှိရင် အကောင်းချည်းပဲ ယူနေမှာ သိပ်စိုးရိမ်လို့ ဘုရားက ကံလေးမျိုးခွဲဟောလို့ ဟောရပါတယ်ဆိုတာလည်း သေသေချာချာမှတ်ပါ၊ အဖြူကံ အဖြူအကျိုးပေးတာက တစ်မျိုး၊ နှစ်နံပါတ်နော်၊ ဒါက

နှစ်တွင် ရှိသေးတယ် ... (မှန်ပါ့)၊ အဖြူကံ အဖြူအကျိုးပေးတာက တစ်မျိုး၊ နံပါတ် ဘယ်လောက်မှာပါလိမ့် ... (နှစ်ပါဘုရား)၊ ပြန်ပြီးဆက်လိုက်စမ်းပါဦး၊ တစ်ကစပြီးတော့ ...(အမည်းကံ၊ အမည်းအကျိုးပေးတာကတစ်မျိုး၊ အဖြူကံ အဖြူအကျိုးပေးတာက တစ်မျိုး။)

နှစ်ခုရသွားပြီ၊ လေးမျိုးပဲပြောမှာပါနော် ... (မှန်ပါ့)၊ ဘုရားဟောတာက လေးမျိုးပဲဟောပါတယ်။

(၃) အမည်း အဖြူရောတဲ့ကံသည် အမည်း အဖြူကို အကျိုးပေးတယ် ... (မှန်ပါ့)၊ သုံးနံပါတ် အမည်း အဖြူရောတဲ့ကံသည် အမည်းအဖြူကို အကျိုးပေးတယ်။ အမည်း အဖြူရောတဲ့ကံသည် အမည်းအဖြူကို အကျိုးပေးတယ်၊ သုံးနံပါတ်ပြီးကြပလား ... (ပြီးပါပြီဘုရား)။

(၄) လေးနံပါတ်ပြောတော့မယ်၊ အမည်းအဖြူမရောတဲ့ကံသည် အမည်းအဖြူ မရောတဲ့ အကျိုးကို ပေးပါတယ်၊ အမည်းအဖြူမရောတဲ့ကံသည် အမည်းအဖြူမရောတဲ့ အကျိုးပေးကို ... (ပေးပါတယ်)၊ လေးနံပါတ်နော် ... (မှန်ပါ့ဘုရား)၊

အမည်းအဖြူ မရောတဲ့ကံသည် ... (အမည်း အဖြူမရောတဲ့အကျိုးကို ပေးပါတယ်ဘုရား)။

## ကံအလိုက်အကျိုးပေးပုံ

ကိုင်း ... ဒကာ၊ ဒကာမတို့ ကိုယ့်ဟာကိုယ် အစကစစ်ကြ ဦး၊ ဘာတဲ့တုံး။

(အမည်းကံသည် အမည်းအကျိုးကိုပေးပါတယ်ဘုရား၊ အဖြူကံသည် အဖြူအကျိုးကိုပေးပါတယ်၊ အမည်း အဖြူရောတဲ့ ကံသည် အမည်း အဖြူရောတဲ့ အကျိုးကိုပေးပါတယ်၊ အမည်းအဖြူ မရောတဲ့ကံသည် အမည်း အဖြူမရောတဲ့အကျိုးကို ပေးပါတယ် ဘုရား)။

## ကံပြတ်တရားကြိုးစားကြပါ

အမည်း အဖြူ မရောတဲ့ကံသည် အမည်းအဖြူ မရောတဲ့ အကျိုးကို ပေးတာက လွန်ခဲ့တဲ့ သုံးကံကို ဖြတ်တတ်သောကြောင့် အကျိုးပေးတယ် ... (မှန်ပါ)၊ လွန်ပြီးသား သုံးကံကို ဖြစ်တတ်သော ကြောင့် အကျိုးပေးတယ် ... (မှန်ပါ့ဘုရား)။

အမည်းကိုလည်းဖြတ်တယ် ... (မှန်ပါ့ဘုရား)၊ အဖြူကို ကော ... (ဖြတ်ပါတယ်ဘုရား)၊ အမည်းအဖြူရောတာကိုရော ... (ဖြတ်ပါတယ်ဘုရား)၊ အဲ ... လေးခုမြောက်ကံ အမည်းအဖြူ မရောတဲ့ကံကတော့ဖြင့် ... တဲ့၊ ကံဖြတ်တရားလို့ မှတ်လိုက်စမ်း

ပါ … (မှန်ပါ့)၊ အမည်းအဖြူမရောတဲ့ကံက ဘာတဲ့ … (ကံဖြတ်တရားပါဘုရား)။

ကံဖြတ်တရားဆိုတာ သေချာပလား … (သေချာပါတယ်ဘုရား)။ ဒါကြောင့် အမည်းအဖြူမရောတဲ့ အကျိုးပေးပါတယ်၊ သူ့ကို မှတ်ချင်လို့ ရှိရင် … (မှန်ပါ့)၊ ဒကာ၊ ဒကာမတို့ သေသေချာချာ နားထောင်ကြစမ်းနော်၊ သေသေချာချာ နားထောင်စမ်းပါ၊ ဒီဥစ္စာက ကြုံလည်း ကြုံခဲပါတယ်၊ ကိုယ်လွဲနေလို့ရှိရင်လည်း ပြင်ကြဖို့။

ဟာ … မှန်နေပြီဆိုရင်လည်း ဒီဟာ ကြိုးစားကြဖို့ … (မှန်ပါ့)၊ ဒါကိုပဲ တိုက်တွန်းပါတယ်နော် … (မှန်ပါ့)၊ ကဲ … ဒကာ၊ ဒကာမတို့ ကံလေးမျိုးမှတ်မိကြပြီ … (မှတ်မိပါပြီ ဘုရား)။

## ဉာဏ်ထဲရောက်အောင် ရှင်းပေးမယ်

ဒါက စာနဲ့မှတ်ထားတာပဲ ရှိသေးတယ်၊ ခင်ဗျားတို့ ဉာဏ်ထဲမရောက်သေးဘူး … (မှန်ပါ့)၊ ရှင်းပေးရဦးမယ်၊ ဉာဏ်ထဲရောက်အောင် ရှင်းပေးရဦးမယ်၊ ဒီစာအုပ်ကလေးကြည့်ပြီး အိမ်ရောက်သွားတော့ ဘုန်းကြီးက ကံလေးမျိုးဟောလိုက်တယ်ဟော့၊ ကိုယ်လုပ်နေတဲ့ ကံကျတော့ဘာကံမှန်းမသိပြန်ဘူး၊ စာထဲတော့ မှတ်ထားတာပဲ၊ ကိုယ်ပြန်လုပ်တော့ မသိဘူးဆိုတော့ အလကားစာ

ဖြစ်သွားမယ် ... (မှန်ပါ့ဘုရား)၊ မဟုတ်ပေဘူးလား ... (ဟုတ်ပါတယ်ဘုရား)။

ကိုင်း ... ဒကာ၊ ဒကာမတို့၊ ဒီပဋိစ္စသမုပ္ပာဒ် ကြည့်ပါတဲ့၊ ဟောဒီ ဘုံဘဝကို လိုချင်ပြီးသကာလ ဒါနကံ၊ သီလကံတွေလုပ်တော့ကို သင်္ခါရဟာကံပါပဲ ဒကာ၊ ဒကာမတို့ သဘောကျပလား ... (မှန်ပါ၊ ကျပါပြီ)။

သင်္ခါရကံ မဟုတ်ဘူး၊ ဟုတ်တယ်၊ ဒီအကြောင်းကလေးဆက်ကြည့် ကမ္မဘဝပဲ၊ သဘောပါပလား ... (ပါ,ပါပြီ)၊ သင်္ခါရနှင့် ကမ္မဘဝသည် အတိတ်နှင့် ပစ္စုပ္ပန်ပဲကွာတယ်၊ အတူတူပဲ၊ ကံချည်းပဲ...(မှန်ပါ့)၊ ရှင်းကြပလား ... (မှန်ပါ့၊ ရှင်းပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ လွန်ခဲ့တဲ့ဘဝက ဒကာ၊ ဒကာမတို့ သိတဲ့အတိုင်းတဲ့။ ကုသိုလ်ကံတွေ မလုပ်ခဲ့ဘူးလား ... (လုပ်ခဲ့ပါတယ်ဘုရား)၊ ကုသိုလ်ကံဆိုတော့ ဒကာ၊ ဒကာမတို့နှစ်နံပါတ် အဖြူကံလို့ မှတ်လိုက်စမ်းပါ ... (မှန်ပါ့ဘုရား)၊ ကုသိုလ်ကံက ဘာတဲ့ ... (နှစ်နံပါတ် အဖြူကံပါဘုရား)၊ အဖြူကံ၊ အဖြူကံဆိုတဲ့ဥစ္စာ သေချာသွားတော့ကို ဒကာ၊ ဒကာမတွေသည် ဒီဘဝမှာ ဟော ... လူ့ခန္ဓာကြီးရတယ် ... (မှန်ပါ့ဘုရား)၊ မရဘူးလား ... (ရပါတယ်ဘုရား)၊ အဖြူကံလုပ်ခဲ့ကြတာကိုး၊ အဖြူအကျိုးမပေးဘူးလား ... (ပေးပါတယ်ဘုရား)၊ တိရစ္ဆာန်ထက်သာတယ်ဗျ။ ခင်ဗျားတို့က ... (မှန်ပါ့)၊ ငရဲထက်ကော ... (သာပါတယ်ဘုရား)၊

ပြိတ္တာထက်ကော ... (သာပါတယ်ဘုရား)၊ အသူရကာယ်ထက်ကော ... (သာပါတယ်ဘုရား)။

ဒါဖြင့် ခင်ဗျားတို့ အဖြူကံလုပ်ခဲ့လို့နော် ... (မှန်ပါ့)၊ ကုသိုလ်ကံ ဖြူဖြူစင်စင်လုပ်ခဲ့လို့ ဒီဘဝ လူ့ခန္ဓာကြီးဆိုတာ မရဘူးလား ... (ရပါတယ်ဘုရား)။

## အဖြူကံက သမုဒယသစ္စာ၊ အကျိုးပေးက ဒုက္ခသစ္စာ

ဒါဖြင့် ခင်ဗျားတို့ အခုအကျိုးပေးနေတာ ဘယ်ကံက အကျိုးပေးနေတာပါလိမ့် ... (အဖြူကံက အကျိုးပေးတာပါဘုရား)၊ ဘာသစ္စာပါလိမ့် ... (ဒုက္ခသစ္စာပါဘုရား)၊ သေသေချာချာကြည့်၊ ရမ်းဖြေမနေနဲ့ ... (သမုဒယသစ္စာပါဘုရား)။

ကိုင်း ... ခင်ဗျားတို့က ဒါတော့ မသိဘူး။ ဖြူတာသာသိတယ်၊ သစ္စာနဲ့ဝေဖန်လိုက်တော့ မသိဘဲဖြစ်သွားတယ် ... (မှန်ပါ့)၊ ပေါ်ပလား ... (ပေါ်ပါပြီ)၊ ဘာသစ္စာတုံး ... (သမုဒယသစ္စာပါဘုရား)၊ ဒါဖြင့် ပယ်ရမယ့်သစ္စာဖြစ်နေတယ် ... (မှန်ပါ့ဘုရား)၊ ပေါ်ပလား ... (ပေါ်ပါပြီ)၊ ဘာလုပ်ရမည့်သစ္စာဖြစ်နေတုံး ... (ပယ်ရမည့်သစ္စာဖြစ်နေပါတယ်)။

သို့သော် ခင်ဗျားတို့ကတော့ ဖြူဖြူစင်စင်လုပ်ဟော့နော်၊ မလာဘူးလား ... လာမလား ... (လာပါတယ်ဘုရား)၊ အဲဒါ

ဖြူဖြူစင်စင်လုပ်ပါဆိုတော့ အဖြူကံတော့ မဟုတ်ဘူးလား ... (ဟုတ်ပါတယ်ဘုရား)၊ ဘာသစ္စာတုန်း ... (သမုဒယသစ္စာပါဘုရား)။

## ဒုက္ခကိုကျေနပ်နေသူများ

ဒါဖြင့် သေသည့်အခြားမဲ့၌ ဟောဒါစပ်သွားပြီတဲ့၊ ခန္ဓာငါးပါးရပါပြီ၊ လူ့ခန္ဓာငါးပါး၊ နတ်ခန္ဓာငါးပါး ရပါပြီတဲ့၊ သဘောကျကြပလား ... (ကျပါတယ်ဘုရား)၊ လူ့ဘဝ၊ နတ်ဘဝ ရောက်မယ်ဆို ခင်ဗျားတို့ မကျေနပ်ဘူးလား ... (ကျေနပ်ပါတယ်ဘုရား)၊ ကျေနပ်ချင် ကျေနပ်၊ ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား)၊ ကိုင်း ... ဒုက္ခကျေနပ်နေတာကိုး၊ သူ့ဟာ ပေါ်ပလား ... (ပေါ်ပါပြီ)၊ ဘာကျေနပ်နေသတုန်း ... (ဒုက္ခကျေနပ်နေပါတယ်)။

ဒုက္ခကျေနပ်နေတယ်ဆိုတော့ ဩော် ... တို့ကျေနပ်မှုဟာ တစ်နေ့ကပြောသလိုပဲ ခွေးသားရတာနဲ့ လင်းတက ကျေနပ်သလိုပဲ ... (မှန်ပါ့)၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)။

ဘာသားရလို့ လင်းတကျေနပ်သလဲ ... (ခွေးသားရလို့ ကျေနပ်ပါတယ်ဘုရား)၊ ဘေးကနေကြည့်တော့ ကျေနပ်ကြရဲ့လား ... (မကျေနပ်ပါဘုရား)၊ အဖြစ်ဆိုး ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီ)၊ သူ့ဟာသူတော့ ဘာတုံး ... (ကျေနပ်ပါတယ် ဘုရား)။

ဦးသန်းမောင် ကန်ဘေးကနေတော့ လင်းတက ခွေးသားစားနေတာကြည့်တော့ ကျေနပ်ရဲ့လား ... (မကျေနပ်ပါဘုရား)၊

ဒီအဖြစ်မျိုး ကြောက်လုချည်ရဲ့နော်၊ မကြောက်ဘူးလား၊ ကြောက်မယ်လား ... (ကြောက်ပါတယ်ဘုရား)။

သို့သော် လင်းတသွားမေးတော့ ခင်ဗျား ဒီဥစ္စာ ဘယ့်နှယ် တုန်း၊ ဒါ ကျူပ်ကံကောင်းတာ၊ ခွေးသေကောင် တစ်ကောင်လုံး ရတာ မဆိုဘူးလား၊ ဆိုမလား ... (ဆိုပါမယ်ဘုရား) ပေါ်ကြပလား ... (ပေါ်ပါပြီ)၊ ဒီဥပမာကိုလည်း သေသေချာချာမှတ်ရတယ် ... (မှန်ပါ့)။

အဲဒီတော့ အဖြူကံလုပ်ခဲ့လို့ အဖြူအကျိုးပေးတာ၊ အဖြူ ကံက ... ဘာသစ္စာတုံး ... (သမုဒယသစ္စာပါဘုရား)၊ သဘောကျ ပလား ... (ကျပါပြီ)၊ ရတာက ... (ဒုက္ခသစ္စာပါ)၊ ခန္ဓာငါးပါးဟာ ဒုက္ခသစ္စာနော် ... (မှန်ပါ့)။

## သစ္စာတရားကိုသာ အမှန်ယူပါ

အဲဒီတော့ မနုဿတ္တဘာဝ ဒုလ္လဘဆိုတာနဲ့ဟောလို့ရှိရင် တော့ဖြင့် ဒကာ၊ ဒကာမတို့ လူ့ဘဝရခဲ့တယ်ဟောရမှာပဲ ... (မှန်ပါ့)၊ သစ္စာနဲ့ဟောရမယ်ဆိုတော့ ခင်ဗျားတို့ နောက်ဘဝက သမုဒယသစ္စာ ကုသိုလ်လုပ်ခဲ့တဲ့အတွက် ဒုက္ခသစ္စာဖြင့် ရပေါ့ ... (မှန်ပါ့)၊ သို့သော် သစ္စာတရားသာလျှင် အမှန်ယူပါ ... (မှန်ပါ့)၊ သဘောပါပလား ... (ပါ, ပါပြီ)၊ ကျန်တဲ့တရားတွေက ပရိယာယ် ဝေဝုစ်ပါ, ပါတယ် ... (မှန်ပါ့)၊ သစ္စာက မတိမ်းစောင်းဘူး ... (မှန်ပါ့)၊ ရှင်းကြပလား ... (ရှင်းပါပြီ)၊ မတိမ်းမစောင်းတဲ့တရားက

ဘယ်တရားပါလိမ့် ... (သစ္စာတရားပါဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ ဘယ်ဟာ အမှန်ယူမယ် ... (သစ္စာတရားကို အမှန်ယူရပါမယ်)။

သစ္စာတရားအမှန်ယူပါဆိုတာ ဆရာဘုန်းကြီးက သေသေချာချာတိုက်တွန်းတယ် ... (မှန်ပါ့)၊ ရှင်းပြီနော် ... (ရှင်းပါပြီ)၊ ဒါဖြင့် အားလုံး ဒကာ၊ ဒကာမတွေ ယခု ၁ထဲမှာ ရောက်နေကြသလား၊ ၂ ထဲမှာ ရောက်နေကြသလား ... (၂ ထဲမှာ ရောက်နေကြပါတယ်ဘုရား)။

(စက်ဝိုင်းကိုထောက်၍ဟောသည်။)

## သစ္စာနဲ့ဝေဖန်သုံးသပ်ပါ

ဩော် ... ဘယ်ကံအားထုတ်ခဲ့ပါလိမ့် ... (၂ ကံအားထုတ်ခဲ့ပါတယ်)၊ ဖြူတဲ့ကုသိုလ်ကံ အားထုတ်ခဲ့တယ်၊ သဘောကျပလား၊ (မှန်ပါ့)၊ ဘာသစ္စာပါလိမ့် ... (သမုဒယသစ္စာပါဘုရား)၊ ဒါဖြင့် ယခု ကိုယ့်ဘဝကလေးကိုတော့ မကျေနပ်ကြဘူးလား ... (ကျေနပ်ပါတယ်ဘုရား)။

ဘာသစ္စာကျေနပ်သလဲ ... (ဒုက္ခသစ္စာကို ကျေနပ်ပါတယ်)၊ ဒုက္ခရောက်တာကျေနပ်တာ ရှုးလို့၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)၊ ဒုက္ခရောက်တာ ကျေနပ်တာဖြင့် ... (ရှုးလို့ပါဘုရား)၊ ဒါက တော်တော်စကားကြီးသွားပြီ၊ သစ္စာနဲ့ကြည့်လိုက်တော့ ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ဟာက မရစဖူး အရထူးပြီးသကာလ တော်, တော်သေးရဲ့ဘုရား၊ ဟော လင်းတခွေးသားရပြီ၊ ဒကာ၊ ဒကာမတို့ ဘာရပါလိမ့် ... (လင်းတခွေးသားရပါတယ်ဘုရား)၊ လင်းတခွေးသားရတယ်ဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)၊ သစ္စာမသိသေးလို့ ဖြစ်ရတဲ့အဖြစ်ဗျ ... (မှန်ပါ့)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)။

သစ္စာသိရင် ဒီအဖြစ် ဖြစ်နိုင်ပါ့မလား ... (မဖြစ်နိုင်ပါဘုရား)။ ကိုင်း ... ဒကာ၊ ဒကာမတို့ ဒါဘုန်းကြီး အပြောကောင်းလို့ ဥပမာပေးကောင်းလို့လား၊ ခင်ဗျားတို့ ဖြစ်စဉ်က ကိုက်ပလားဆိုတာ ဝေဖန်ပါ ... (ဖြစ်စဉ်ကိုက်ပါတယ်ဘုရား)၊ သဘောပါရဲ့လား ... (ပါ,ပါတယ်)၊ ဒါက ဒကာ၊ ဒကာမတို့ ဒီလိုစာရွတ်သွားလို့ ရကို မရဘူး ... (မှန်ပါ့ဘုရား)၊ မြန်အောင်ဦးတင် ရပါ့မလား ... (မရပါဘုရား)။

## ဖြစ်စဉ်ကိုက်မို့ လိုရင်းကိုသေချာနားလည်ဖို့ လိုတယ်

တစ်လုံး တစ်လုံးကို သေသေချာချာလည်အောင် ပြောမှ ရတယ် ... (မှန်ပါ့)၊ စာတွေ ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓ သစ္စာ ဤကား အဘိဓမ္မာဆိုရုံနဲ့လည်း မဖြစ်ဘူး ... (မဖြစ်ပါဘုရား)၊ ဖြစ်ပါ့မလား ... (မဖြစ်ပါဘုရား)၊ ဘာမှတောင် နားလည်မှာ မဟုတ်ဘူး။

လိုရင်းတွေကလည်း ဒီထဲမှာနေတယ်၊ လိုရင်းမှ နားမလည် လိုက်ဘဲနဲ့ သူများဖြစ်စဉ်တွေ သဘောကျနေရင် မိုးကြိုးပစ်တာထက် နာသေးတယ်၊ ဘာမျှ အသုံးမကျဘူး … (မှန်ပါ့)၊ သဘောပါ ပလား … (ပါ, ပါပြီဘုရား)။

ကိုင်း … ဒါဖြင့် ဒကာ၊ ဒကာမတို့ အဖြူကံသည် ဘာအကျိုးပေးသတုံး … (အဖြူအကျိုးကို ပေးပါတယ်)၊ အဖြူ အကျိုးကိုပေးတယ် … (မှန်ပါ့)။

## သစ္စာမသိတော့

အဖြူကံက ဘာသစ္စာတုံး … (သမုဒယသစ္စာပါဘုရား)၊ ရှင်းပြီနော် … (မှန်ပါ့)၊ အကျိုးပေးတော့ … (ဒုက္ခသစ္စာအကျိုးပေး ပါတယ်ဘုရား)၊ ဒါဖြင့် အဖြူကံလည်း ခင်ဗျားတို့ ကြိုက်သင့် မကြိုက်သင့် … (မကြိုက်သင့်ပါဘုရား)၊ သစ္စာသိတော့ မကြိုက်ဘူး တဲ့ … (မှန်ပါ့ဘုရား)၊ သစ္စာမသိခင်တုန်းကတော့ … (ကြိုက်ပါ တယ်ဘုရား)၊ ဒီလိုဝေဖန်မှ ရတယ်၊ ဒီလိုဝေဖန်မှရတယ်တဲ့။

ဒါဖြင့် တပည့်တော်တို့ အကြိုက်ဟာ နှစ်မျိုးပါလားဘုရား၊ ကလေးတုန်းကတော့ ကိုယ်စွန့်တဲ့ကျင်ကြီးနဲ့ ကိုယ် ကစားချင် ကစားနေတယ် … (မှန်ပါ့ဘုရား)။

လူကြီးတော့ ကစားသေးရဲ့လား … (မကစားတော့ပါ ဘုရား)၊ ဒါဖြင့် ခင်ဗျားတို့ အခုဒီအချိန်မှာ ကစားတဲ့အချိန်လား၊

မကာစားတဲ့အချိန်လား... (မကာစားတဲ့အချိန်ပါဘုရား)၊ တော်လာပြီ၊ ဒါဖြင့် တော်တော် တော်လာပြီ။)

အဲဒီတော့ ဒကာ၊ ဒကာမတို့ အဖြူကံ အဖြူအကျိုးပေးတယ် ဆိုငြားသော်လည်း သစ္စာနဲ့ဝေဖန်လိုက်တော့ အဖြူကလည်း သမုဒယသစ္စာနော် ... (မှန်ပါ့)၊ အကျိုးပေးတာကကော ... (ဒုက္ခသစ္စာပါဘုရား)၊ ဒါဖြင့် ဒီကံကို ကြိုက်ထိုက်၊ မကြိုက်ထိုက် ... (မကြိုက်ထိုက်ပါဘုရား)။

မကြိုက်ထိုက်ဘူး ... (မှန်ပါ့)၊ အဖြူကံနော် ... (မှန်ပါ့)၊ ခင်ဗျားတို့လုပ်တဲ့ ဘုံဘဝ တောင့်တတဲ့ကုသိုလ်ကို ဆိုပါတယ်၊ နိဗ္ဗာန်တောင့်တတဲ့ကုသိုလ်ကံကို မဆိုပါဘူး ... (မှန်ပါ့)၊ ဒါ ရှင်းရှင်းမှတ်ပါ၊ ပေါ်ကြပလား ... (မှန်ပါ့ဘုရား)။

အဖြူကံပေမယ့် နိဗ္ဗာန်ကို တောင့်တတဲ့ကံမျိုးကို ဘုန်းကြီးဟောနေတယ်လို့ မဆိုနဲ့၊ လူချမ်းသာ၊ နတ်ချမ်းသာ တောင့်တလုပ်တဲ့ အဖြူကံကိုဆိုပါတယ်၊ ပေါ်ကြပလား ... (မှန်ပါ့)။

## လိုချင်တာက ချမ်းသာမှု၊ ရတော့ ဆင်းရဲမှု

ခင်ဗျားတို့က ချမ်းသာချင်တယ်၊ ရတော့ဆင်းရဲ ... (မှန်ပါ့)၊ အတိတ်ဘဝက ထင်တုန်းက ဘယ့်နှယ်တုန်း ... (ချမ်းသာချင်ပါတယ်)၊ ရတော့ ... (ဆင်းရဲပါ)၊ ချမ်းသာထင်တာကလည်း ဥာဏ်နဲ့လား၊ သမုဒယနဲ့လား ... (သမုဒယနဲ့ပါဘုရား)။

ဟာ ... ဒါဖြင့် မျက်လုံးမှားကြီးနဲ့ ကြည့်ပြီးသကာလ ဆုတောင်းလုပ်လို့ မဟုတ်တာကြီးရတာပါလား ... (မှန်ပါဘုရား)၊ မပေါ်သေးဘူးလား ... (ပေါ်ပါပြီဘုရား)။

မျက်လုံးကလည်း သမုဒယမျက်လုံး၊ ဉာဏ်မျက်လုံးဟုတ်ရဲ့လား ... (မဟုတ်ပါဘုရား)၊ ပေါ်ပလား ... (ပေါ်ပါပြီ)၊ ခင်ဗျားတို့ ဘယ်ကစလွဲတာတုန်းမေးလို့ရှိရင် မျက်လုံးကစလွဲတယ် ... (မှန်ပါ့)၊ ဘယ်မျက်လုံးနဲ့ လုပ်ခဲ့ပါလိမ့် ... (သမုဒယမျက်လုံးနဲ့ လုပ်ခဲ့ပါတယ်ဘုရား)။

## သမုဒယဆိုတာတဏှာပါ

သမုဒယမျက်လုံးနဲ့ လုပ်ခဲ့တော့ကို သမုဒယဆိုတာ တဏှာ ... (မှန်ပါ့)၊ သူနဲ့ သဟဇာတက အဝိဇ္ဇာ ... (မှန်ပါ့)၊ မဖြစ်ဘူးလား ... (ဖြစ်ပါတယ်ဘုရား)။

ဒါဖြင့် အဝိဇ္ဇာနဲ့ တဏှာနဲ့ လုပ်ခဲ့သောကြောင့် ဒီဘဝမှာ ဒုက္ခသစ္စာမှတစ်ပါး ဘာရသေးသလဲ ... (ဘာမှမရပါဘုရား)။

အခုတော့ဖြင့် ဒကာ၊ ဒကာမတွေ ပစ္စည်းကလည်း အကြောင်းမညီညွတ်၊ ခန္ဓာကလည်း လိုရာမပါဆိုတော့ နည်းနည်းတော့ ရိပ်မိလာတယ်။

## အိုခြင်းဆိုး၊ နာခြင်းဆိုးတို့ကို အဖော်လုပ်နေရတာ

လူ့ဘဝအကောင်းလား အောက်မေ့တယ်ဘုရား၊ အိုခြင်းဆိုး၊ နာခြင်းဆိုးတို့ကို အဖော်လုပ်နေရတာပါလား၊ မပေါ်ကြသေးဘူးလား ... (ပေါ်ပါပြီဘုရား)၊ နောက်က ဒကာ၊ ဒကာမတွေ ခင်ဗျားတို့ နေ့တိုင်း အဖော်လုပ်နေရတာ ဘာပါလိမ့် ... (အိုခြင်းဆိုး၊ နာခြင်းဆိုးပါဘုရား)။

အဲဒါ အဖော်လုပ်နေရတယ် ... (မှန်ပါ့)၊ ရှင်းပလား ... (ရှင်းပါပြီ)၊ အိုခြင်းဆိုး၊ နာခြင်းဆိုး အဖော်လုပ်ပြီးသကာလ ဆေးကျားတွေထောက်နေရတယ်၊ မယုံရင် ဦးမာဒင်မေးကြည့်၊ ခင်ဗျားတို့ ပန်းနာသမားကို ကျားထောက်နေရတယ်၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)။

ဒါဖြင့် ခင်ဗျားတို့ ဒကာ၊ ဒကာမတွေ ဘယ်သူနဲ့ အဖော်လုပ်နေရသတုံး ... (အိုခြင်းဆိုး၊ နာခြင်းဆိုးနဲ့ အဖော်လုပ်နေရပါတယ်)၊ အိုခြင်းဆိုး၊ နာခြင်းဆိုးဆိုတော့ တစ်နေ့တစ်ခြားကောမအိုဘူးလား ... (အိုပါတယ်ဘုရား)၊ အိုလေလေ၊ ရောဂါများလေလေ မလာဘူးလား ... (လာပါတယ်ဘုရား)။

ဒါဖြင့် နေ့တိုင်း ဘာနဲ့ အဖော်လုပ်နေရသလဲ ... (အိုခြင်းဆိုး၊ နာခြင်းဆိုးနဲ့ အဖော်လုပ်ရပါတယ်)၊ မယုံရင် လူလာတဲ့အခါ ညှော်ခံတာကြည့်၊ ဦးညွှန့်ကြီးတို့ ညှော်ခံတဲ့အခါ ဦးညွှန့် နေကောင်း

ရဲ့လား၊ ကောင်းတစ်လှည့်၊ မကောင်းတစ်လှည့်ပါ၊ ဒါနဲ့ ညှိခံနေတာ ရိပ်မိပလား ... (မှန်ပါ့ဘုရား)၊ ဘာနဲ့ ညှိခံသတုန်း ... (ကောင်းတစ်လှည့် မကောင်းတစ်လှည့်ပါဘုရား)၊ ကောင်းတစ်လှည့် မကောင်းတစ်လှည့်၊ ဒါတောင် သစ္စာမသိသေးလို့၊ မကောင်းချည်းနဲ့ ညှိခံရမှာ ... (မှန်ပါ့)၊ ကောင်းဆိုတာ မပါဘူး ... (မပါ,ပါဘုရား)။

သစ္စာမသိသေးတော့ မြို့သုံးကလေး သုံးလိုက်ရသေးတယ်၊ ဒါကလေး ထည့်လိုက်ရသေးတယ် ... (မှန်ပါ့ဘုရား)၊ ကိုင်း ... ဒကာ၊ ဒကာမတို့ ခင်ဗျားတို့ရှေ့ကို ဘာနဲ့ ညှိခံကြမယ် ထင်သတုံး၊ ဒုက္ခသစ္စာနဲ့ ညှိခံတော့မယ် ... (မှန်ပါ့)၊ တစ်နေ့ရွှေ တစ်နေ့ငွေပါပဲ ... (မှန်ပါ့)၊ မသုံးကြပေဘူးလား ... (သုံးပါတယ် ဘုရား)၊ အသံကတော့ ရွှေငွေနော် ... (မှန်ပါ့ဘုရား)၊ ဖြစ်စဉ် သွားကြည့်တဲ့အခါ မဲ့နေတယ်၊ ရွှေလည်းမဟုတ်ဘူး၊ ငွေလည်း မဟုတ်ဘူး၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)၊ အဲဒါကြောင့် ဒကာ၊ ဒကာမ ရထားတဲ့ ခန္ဓာဟာ ဘာသစ္စာတုံး ... (ဒုက္ခသစ္စာပါဘုရား)။

ဘယ်ကံလုပ်ခဲ့ပါလိမ့်ဗျာ ... (သမုဒယသစ္စာလုပ်ခဲ့ပါတယ်)၊ သမုဒယသစ္စာလုပ်ခဲ့တယ်၊ အဖြူအမည်းနဲ့ရွေးတော့ ... (အဖြူကံ လုပ်ခဲ့ပါတယ်)၊ အဖြူကံ ... (မှန်ပါ့)၊ သဘောပါပလား ... (ပါ,ပါပြီ)။

အဖြူကံ၊ အဖြူအကျိုးပေးတယ်ဆိုပြီး ခင်ဗျားတို့ လုပ်ကြတာပဲတဲ့။ သစ္စာမသိတော့ အကျိုးပေးကလည်း ဒုက္ခသစ္စာ၊ အဖြူကံကလည်း သမုဒယသစ္စာ၊ ပေါ်ပလား ... (ပေါ်ပါပြီဘုရား)။

ဒီတစ်လုံးနဲ့ပဲ မနည်းသွားနေပြီ ဒကာ၊ ဒကာမတို့ ... (မှန်ပါ့)၊ ဒီလောက်မှ မရှင်းရင်လည်း မောင်ဘအေးရပ့်မလား ... (မရပါဘုရား) မရဘူးကွ၊ ဒီလောက်မှ မရှင်းရင်လည်း ရကိုမရဘူး။

## အမည်းကံ အမည်း အကျိုးပေးမယ်

ကဲ ... ဒကာ၊ ဒကာမတို့ အမည်းကံကလေး စကြဦးစို့နော် ... (မှန်ပါ့)၊ အမည်းကံဆိုတာက ခင်ဗျားတို့ သားရေး၊ သားကလည်း ကြီးလာ၊ ကျောင်းကလည်းထားချင်၊ စရိတ်ကလည်း ကုန်၊ အသုံးအဖြုန်းကလည်း များဆိုတော့ အမေမိဘက ရတဲ့နည်းနဲ့ ကုန်းရှာရတော့ အမည်းကံတွေ မဖြစ်ဘူးလား ဖြစ်မလား ... (ဖြစ်ပါတယ်ဘုရား)၊ သဘောကျပလား ... (ကျပါပြီ)။

အမည်းကံတွေဖြစ်ပြီး အကုသိုလ်ကံတွေ ဖြစ်နေတော့ သေသည်၏ အခြားမဲ့၌ ဘာအကျိုးပေးမလဲ ... (အမည်းအကျိုးပေးပါမယ်)၊ အမည်းအကျိုးပေးမယ်ဆိုတော့ ဟောဒါက အပါယ်လေးပါး ခန္ဓာလို့ မှတ်လိုက်တော့ ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီ)။

## သစ္စာနဲ့ဝေဖန်လိုက်တော့ အဖြူအမည်း ဘာထူးသေးသလဲ

ဒါက ဘာခန္ဓာပါလိမ့် ... (အပါယ်လေးပါးခန္ဓာပါဘုရား)၊ ဒီက အမည်းကံ ... (မှန်ပါ့)၊ အမည်းကံက ဘာသစ္စာတုံး ... (သမုဒယသစ္စာပါ)၊ အပါယ်လေးပါးခန္ဓာက ... (ဒုက္ခသစ္စာပါဘုရား)၊ ကဲ ... အဖြူကံနဲ့ အမည်းကံသည် ဒကာ၊ ဒကာမတို့ ဘာထူးသေး သလဲ ... (မထူးပါဘူး)၊ သစ္စာနဲ့ ဝေဖန်လိုက်တော့ ထူးသေးရဲ့ လား ... (မထူးပါဘုရား)။

## ကုသလာ ကုသလံ ဇဟံ

ဒါကြောင့် ဘုရားက အဖြူကံလည်း ငါစွန့်လိုက်တယ်၊ အမည်းကံလည်း ငါစွန့်လိုက်တယ်၊ "ကုသလာ ကုသလံ ဇဟံ" ဆိုပြီး ဟောချလိုက်တယ် ... (မှန်ပါ့)၊ သဘောပါပလား ... (ပါ,ပါပြီ)။

ကုသိုလ် အကုသိုလ် မစွန့်ဘူးလား ... (စွန့်ပါတယ် ဘုရား)၊ ဘယ်ကုသိုလ်စွန့်ဆိုတာလည်းဆိုတော့ အဖြူကံလည်း စွန့်တယ် ... (မှန်ပါ့)၊ အမည်း အကုသိုလ်ကံကော ... (စွန့်ပါ တယ်)၊ စွန့်မှာပေါ့ဗျ၊ သမုဒယသစ္စာချုပ်အောင်လုပ်ပစ်တာ ... (မှန်ပါ့ဘုရား)၊ မဟုတ်ဘူးလား ... (ဟုတ်ပါတယ်)၊ သမုဒယသစ္စာ ချုပ်တော့ ဒုက္ခသစ္စာက လာသေးရဲ့လား ... (မလာပါဘုရား)၊

ဒါဖြင့် သမုဒယဒုက္ခသိမ်းတော့ ကိုယ်တော်ကြီး နိဗ္ဗာန်ရောက်တယ်လို့ ဟောထိုက်၊ မဟောထိုက် ... (ဟောထိုက်ပါတယ်ဘုရား)။

ဒါဖြင့် ဒီ ကံနှစ်ခုပယ်လို့ပဲ ... (မှန်ပါ့ဘုရား)၊ ရှင်းပလား ... (ရှင်းပါပြီဘုရား)၊ ကံလေးမျိုး ဘယ်နှမျိုးပြီးသွားပါလိမ့် ... (နှစ်မျိုးပြီးသွားပါပြီဘုရား)၊ ဘယ်နှမျိုး ကျန်သေးသလဲ ... (နှစ်မျိုး ကျန်ပါသေးတယ်ဘုရား)၊ နှစ်မျိုး၊ အဲဒါက သာခက်သေးတယ် ခင်ဗျားတို့။

## ဘုံဘဝတောင့်တခြင်းကင်းပြီး ခန္ဓာကိုရောင်းလှူ

ကဲ ... ဒါဖြင့် ဒကာ၊ ဒကာမတို့ အဖြူကံကိုလည်း ဘုံဘဝတောင့်တကြတဲ့ ကံစွန့်ကြပါ၊ ယနေ့ကစပြီး ... (မှန်ပါ့ဘုရား)၊ ဘုံဘဝတောင့်တပြီး မလှူပါနဲ့၊ မတန်းပါနဲ့၊ မပေးပါနဲ့၊ မကမ်းပါနဲ့ သဘောကျပလား ... (ကျပါပြီဘုရား)။

လာလတ္တံ့ဒုက္ခသစ္စာကြီးကို မလိုချင်လို့၊ ယခု ဒုက္ခသစ္စာကြီးကိုလည်း မကြိုက်လို့ ဒုက္ခလွတ်ရာ ရည်မှန်း၍ လှူဒါန်းပါတယ်၊ လုပ်ပါ ... (မှန်ပါ့ဘုရား)၊ သဘောကျပလား ... (ကျပါပြီ)၊ ယခုလက်ရှိလည်း ဘာသစ္စာလဲ ... (ဒုက္ခသစ္စာပါဘုရား)၊ နောင် လူ့ဘဝ၊ နတ်ဘဝကကော ... (ဒုက္ခသစ္စာပါဘုရား)၊ အဲဒီဒုက္ခနှစ်ခု သိပြီး၊ လက်ရှိဒုက္ခတွေ ရွံလွန်းလို့ လက်မဲ့ဒုက္ခလည်း မလိုချင်လို့ လှူပါတယ်၊ တန်းပါတယ်၊ ပေးပါတယ်၊ ကမ်းပါတယ်လို့ လုပ်ပါ၊ သဘောကျပလား ... (မှန်ပါ့)။

ခန္ဓာရောင်းလှူပါ၊ ကျေနပ်ပါပြီ၊ တိုက်တွန်းပေး၊ အလှူ ဘက်က မတိုက်တွန်းသင့်ဘူးလား ... (တိုက်တွန်းသင့်ပါတယ်)၊ နို့မို့လို့ရှိရင်ဖြင့် နောက်ဘဝ ကောင်းစားရေးလုပ်လို့ရှိရင် သမုဒယ သစ္စာကြောင့် ဒုက္ခသစ္စာဖြစ်တယ် ... (မှန်ပါ့)၊ မဖြစ်ပေဘူး လား ... (ဖြစ်ပါတယ်)။

ဒါဖြင့် အဖြူကံဟာ အဖြူ အကျိုးပေးပေမယ့်လည်း ကံက သမုဒယ အကျိုးပေးက ဒုက္ခ ... (မှန်ပါ့)၊ ရှင်းပလား ... (ရှင်းပါပြီ)၊ အမည်းကံကတော့ ခင်ဗျားတို့ နားလည်ပြီးသားပါတဲ့၊ မသိတဲ့ အဝိဇ္ဇာကြောင့် ပြုချင်သလိုပြုတဲ့ သားရေး၊ သမီးရေး၊ စီးပွားရေး မလုပ်ကြပေဘူးလား ... (လုပ်ပါတယ်)၊ စေတနာကံတွေလေ ... (မှန်ပါ့)။

သေသည်၏ အခြားမဲ့၌ အပါယ်လေးပါးဆိုတဲ့ ခန္ဓာငါးပါး လာ မလာ ... (လာပါတယ်ဘုရား)၊ ဒါဟာ အမည်းကံက ဘာတုံး ... (အမည်းကို အကျိုးပေးပါတယ်)၊ အမည်းကံဆိုတာ ဘာသစ္စာတုံး ... (သမုဒယသစ္စာပါဘုရား)၊ အမည်းအကျိုးပေး တာကကော ... (ဒုက္ခသစ္စာပါဘုရား)။

ဒါဖြင့် ခင်ဗျားတို့ သားရေး၊ သမီးရေး၊ စီးပွားရေးကို တပည့်တော်ဟာ ဘုရား၊ မှသားလည်း မပြောပါဘူး၊ ကောင်းသော ရောင်းဝယ်ခြင်းနဲ့ ရောင်းဝယ်ပါတယ်လို့တော့ ဒကာ၊ ဒကာမတို့က လိမ်ချင်လည်း လိမ်ကြဦးမှာပဲ။

နို့ ... ဒီဥစ္စာမမှန်ဘူးလားဆိုတော့ သူ့စိတ်ထဲ အင်မတန်မှ မှန်ပါတယ်၊ မလိမ်ပါဘူး၊ ကောင်းကောင်းမွန်မွန်ပဲ ရောင်းပါတယ်၊ ကောင်းကောင်းမွန်မွန် ဝယ်ပါတယ်။ သို့သော် သမုဒယနဲ့လုပ်တာ ဟုတ်,မဟုတ် ... (ဟုတ်ပါတယ်ဘုရား)၊ ဒါဖြင့် သစ္စာက ဘာသစ္စာတုံး ... (သမုဒယသစ္စာပါဘုရား)၊ ရတော့ဘာသစ္စာရသတုန်း ... (ဒုက္ခသစ္စာရပါတယ်)။

အဲဒါ သူသီလသာပြောတာ၊ ဝိပဿနာ ပွက်ပေါက်နေတာ မသိလို့ ... (မှန်ပါ့ဘုရား)၊ ရိပ်မိပလား ... (ရိပ်မိပါပြီဘုရား)။

## သီလဆိုတာ

သီလသာသူသိတာကိုး ... (မှန်ပါ့)၊ ဝိပဿနာ ဝမ်းထဲက ပွက်ပေါက်နေတာ သိသေးရဲ့လား ... (မသိပါဘုရား)၊ ဒါဖြင့် သီလက ဝိပဿနာကို ကန့်ကွက်နိုင်ရဲ့လား ... (မကန့်ကွက်နိုင်ပါ)၊ ဒကာ၊ ဒကာမတွေ သီလက သူ့ဟာသူ ကာယကံ၊ ဝစီကံ လုံရုံကိုးဗျ ... (မှန်ပါ့ဘုရား)၊ မနောကံကို သီလက တတ်နိုင်ရဲ့လား ... (မတတ်နိုင်ပါဘုရား)၊ မတတ်နိုင်တော့ မနောကံက သမုဒယသစ္စာ ရောင်းဝယ်ဖောက်ကားနေတာ ... (မှန်ပါ့)၊ သဘောကျပလား ... (ကျပါပြီ)၊ အကျိုးပေးတော့ ... (ဒုက္ခသစ္စာပါဘုရား)၊ ရှင်းပြီ နော် ... (မှန်ပါ့)၊

ဒါဖြင့် တပည့်တော်တို့ အရောင်းအဝယ်လည်း မလုပ်နဲ့တော့ ဒီအတိုင်းနေတော့လို့ အရှင်ဘုရား ပြောသလားလို့ အဓိပ္ပာယ်က ဒီရောက်သွားတယ် ... (မှန်ပါ့)၊ အရောင်းအဝယ်လုပ်လို့ရှိရင် သမုဒယသစ္စာလာမယ် ... (မှန်ပါ့)၊ လာရင်လည်း နောင်ဘဝဘာသစ္စာလာမလဲ ... (ဒုက္ခသစ္စာပါဘုရား)။

တပည့်တော်တို့ကတော့ မလုပ်ရမနေနိုင်ဘူးဘုရား ... ဆိုလို့ရှိရင်ဖြင့် ခင်ဗျားတို့ သမုဒယသစ္စာ မဖြစ်ရရင် ဒုက္ခရမှာမဟုတ်လို့ ကြိုးစားရဦးမယ်ဘုရား၊ အဓိပ္ပာယ်က ဒီမရောက်ဘူးလား ... (ရောက်ပါတယ်)၊ အဲဒီတော့ ဘုန်းကြီးကလည်း အရောင်းအဝယ်မလုပ်ဘဲနဲ့ ချမ်းသာတဲ့ဆီကိုပို့မယ်၊ ခင်ဗျားတို့ကလည်း အရောင်းအဝယ်မလုပ်ရရင် ဘယ့်နှယ်လုပ်မတုန်းလို့ ဆင်ခြေလဲတယ်။

## ဘယ်သူမှန်သတုံး

ဘယ်သူက မှန်သတုန်း၊ ခင်ဗျားတို့က အရောင်းအဝယ်မလုပ်ရ၊ ဘယ့်နှယ်လုပ်မတုန်းတဲ့ ... (မှန်ပါ့)၊ ဘုန်းကြီးကလည်း အရောင်းအဝယ်မလုပ်နဲ့၊ ချမ်းသာရစေမယ်၊ ဘယ်ဟာကြိုက်သတုံး၊ တရားတစ်ပွဲလုံးနဲ့ ဘုန်းကြီးတစ်ပါးကျန်ရစ်တော့တယ်၊ ကန့်လန့်ဖြစ်နေပြီ၊ အတော်ဆိုးနေပြီဆိုတာ ပေါ်ကြပလား ... (ပေါ်ပါပြီဘုရား)။

အဲဒီတော့ ခင်ဗျားတို့ ဝါသနာအထုံဖြစ်နေပါတယ်တဲ့၊ တိရစ္ဆာန်ရုံထဲကမျောက်တွေဟာ အငြိမ်နေလို့ရရဲ့လား ... (မရပါဘုရား)။

အဲဒါ မှတ်ထားပေါ့ဗျ။ အငြိမ်နေလို့မရလို့ဘုရား၊ နိဗ္ဗာန်က ငြိမ်သက်တဲ့ ဓမ္မကိုးဗျ ... (မှန်ပါ့)၊ မျောက်က မငြိမ်သက်တဲ့ ဓမ္မ၊ ရိပ်မိပလား ... (ရိပ်မိပါပြီ)၊ အဲဒီတော့ ခင်ဗျားတို့က ဘာစိတ်ပေါက်နေသတုံး ... (မျောက်စိတ်ပေါက်နေပါတယ်)၊ တော် ... တော်သေးတယ်၊ ဒါဖြင့် ဒီဟာကြီးဟာ တိရစ္ဆာန်ရုံဖြစ်သွားပြီ အတော်ကျပ်နေပြီ။

ကိုင်း ... ဒါဖြင့် ဒကာ၊ ဒကာမတို့ ကံနှစ်ကံပြီးသွားတာတော့ သေချာပြီမဟုတ်လား ... (မှန်ပါ့)၊ အဓိပ္ပာယ်ကော ရှင်းရဲ့လား ... (ရှင်းပါတယ်)၊ အမည်းကံကလည်း သမုဒယသစ္စာက ဒုက္ခသစ္စာအား ကျေးဇူးပြုတယ်၊ အဖြူကံတွေကကော ... (သမုဒယသစ္စာက ဒုက္ခသစ္စာအား ကျေးဇူးပြုပါတယ်)၊ အမည်းအဖြူရောတဲ့ ကံတစ်ကံကျန်သေးတယ်၊ အမည်းအဖြူ မရောတဲ့ ကံကောကျန်သေးတယ် ... (ကျန်ပါသေးတယ်)၊ အဲဒါ မနက်ဖြန်မှ နာ ... (မှန်ပါ့)၊ နာရီစေ့သွားပြီ။

**သာဓု ... သာဓု ... သာဓု**